ကြေးမုံ
The Mirror

၁၃၇၀ ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၁၁ ရက်၊ စနေနေ့ (21-3-2009) (၅၉၈၉)

ကြည့်ရှုအားပေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် မြန်မာ့အထည်အလိပ်လုပ်ငန်းမှ ထုတ်လုပ်သည့် ထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသထားမှုကို ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် မြန်မာ့အထည်အလိပ်လုပ်ငန်း ချည်မျှင်စက်ရုံ(ပျော်ဘွယ်) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့် စက်ရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေး

နေပြည်တော် မတ် ၂၀

အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်း ချည်မျှင်စက်ရုံ(ပျော်ဘွယ်) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီ ၁၀ မိနစ်တွင် မန္တလေးတိုင်း ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ်ရှိ အဆိုပါစက်ရုံ၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်ချီးမြှင့်ပြီး စက်ရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

အဆိုပါ စက်ရုံဖွင့်ပွဲအခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့်နှင့် ဗိုလ်ချုပ်မင်းအောင်လှိုင်၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ စက်ရုံဝန်ထမ်းများ၊ ဒေသခံပြည်သူများ၊ ဖိတ်ကြားထားသူများ၊ ဘင်ခရာနှင့် ပန်းဖွားအကအဖွဲ့ဝင်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Tianjin ပြည်နယ်အစိုးရမှ တာဝန်ရှိသူများနှင့် ပညာရှင်များ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဦးသိန်းမောင်၊ မန္တလေးတိုင်း ရမည်းသင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဦးခိုင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Tianjin ပြည်နယ်အစိုးရ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ် မစ္စဝမ်ဇင်မင်း (Ms.Wang Zhi Ming) တို့က ချည်မျှင်စက်ရုံ(ပျော်ဘွယ်)ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က ချည်မျှင်စက်ရုံ(ပျော်ဘွယ်)ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ကြည့်ရှုအားပေး

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စက်ရုံအတွင်းရှိ ဝါဖန့်ဌာနစိတ်၊ ဗိုင်းတောင့်ဌာနစိတ်၊ အပင်ပေါင်းဌာနစိတ်၊ တညင်းလုံးဌာနစိတ်၊ ချည်ငင်ဌာနစိတ်နှင့် ချည်ချောဌာနစိတ်တို့တွင် စက်များ လည်ပတ်ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး **စာမျက်နှာ ၈ ကော်လံ ၁ သို့**

အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်း ချည်မျှင်စက်ရုံ(ပျော်ဘွယ်)ကို ဝေဟင်မှ တွေ့ရစဉ်။

(သတင်းစဉ်)

ကြေးမုံ The Mirror
၂၁-၃-၂၀၀၉
(စနေနေ့)

ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှုများတိုးတက် နှစ်နိုင်ငံ အကျိုးတူပူးပေါင်းဆောင်ရွက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်သည် စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာလီရှန်လွန်း၏ ဖိတ်ကြားချက်အရ စင်ကာပူသမ္မတနိုင်ငံသို့ မတ်လ ၁၇ ရက်နေ့က ချစ်ကြည်ရေးခရီး သွားရောက်ခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာလီရှန်လွန်း ခေါင်းဆောင်သောအဖွဲ့ဝင်များ၏ နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးပွဲကို မတ်လ၁၇ရက်နေ့က စင်ကာပူမြို့ သမ္မတအိမ်တော် အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါတွေ့ဆုံဆွေးနွေးပွဲတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်က **"မြန်မာနိုင်ငံတွင် သဘာဝသယံဇာတများ ပေါများကြွယ်ဝသည့်အတွက် စင်ကာပူသမ္မတနိုင်ငံမှ အတတ်ပညာနှင့် အရင်းအနှီးတို့ ပူးပေါင်း ဆောင်ရွက်ခြင်းဖြင့် များစွာအကျိုးဖြစ်ထွန်းစေနိုင်ကြောင်း၊ ဟိုတယ်ကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုတွင် မြန်မာနိုင်ငံ၌ သာယာလှပသည့် ကမ်းခြေများ၊ နှင်းများ ဖုံးလွှမ်းနေသည့် တောင်တန်းများရှိပြီး စင်ကာပူသမ္မတနိုင်ငံ၏ အတွေ့အကြုံများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ပါက များစွာအကျိုးဖြစ်ထွန်းနိုင်ကြောင်း"** ဆွေးနွေးသည်။

စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာလီရှန်လွန်းကလည်း **"မိမိတို့ နှစ်နိုင်ငံသည် ပူးပေါင်းဆောင်ရွက်မှုများကို နှစ်နိုင်ငံချင်းသာမက အာဆီယံပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အောက်တွင်လည်း ပူးပေါင်းဆောင်ရွက်နေကြောင်း၊ ကုန်သွယ်မှု၊ ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများတွင် အစိုးရအချင်းချင်း ပူးပေါင်းဆောင်ရွက်နိုင်ကြောင်း၊ မြန်မာနိုင်ငံ၏ ရှေးဟောင်းအနုပညာလက်ရာများကို စင်ကာပူ၌ ပြသနိုင်ပါက မြန်မာနိုင်ငံအကြောင်း ပိုမိုသိရှိလာပြီး မြန်မာနိုင်ငံသို့ ခရီးသည်များ ပိုမိုဝင်ရောက်လာမည်ဖြစ်ကြောင်း"** ဆွေးနွေးပြောကြားခဲ့သည်။

မြန်မာနိုင်ငံနှင့် စင်ကာပူသမ္မတနိုင်ငံတို့သည် အရှေ့တောင်အာရှနိုင်ငံများဖြစ်ကြပြီး ကာလကြာရှည်ကပင် ချစ်ကြည်ရင်းနှီးလျက်ရှိသည်။ မြန်မာနိုင်ငံ၏ ကုန်သွယ်ဖက်နိုင်ငံများအနက် တတိယနေရာတွင်ရှိပြီး ရေထွက်ကုန်ပစ္စည်းများ တင်ပို့ရောင်းချသောနိုင်ငံစာရင်းတွင် ထိပ်တန်းမှပါဝင်လျက်ရှိသည်။ ယခုအခါ မြန်မာနိုင်ငံနှင့် စင်ကာပူသမ္မတနိုင်ငံတို့၏ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများ ခေတ်မီတိုးတက်လျက်ရှိရာ နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးတွင် အလားအလာကောင်းများ ဖြစ်ထွန်းနေပြီ ဖြစ်သည်။

သို့ဖြစ်ရာနိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးသိန်းစိန်၏စင်ကာပူသမ္မတနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်သည် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးကို တိုးတက်ကောင်းမွန်စေပြီး စီးပွားရေးပူးပေါင်း ဆောင်ရွက်မှုများအတွက် အကျိုးဖြစ်ထွန်းမှုများ ပိုမိုရရှိနိုင်မည်ဖြစ်ပါသည်။ ။

မီးသတ်ယာဉ် ပေးအပ်လှူဒါန်း

ရန်ကုန် မတ် ၂၀

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန၌ မီးလောင်မှုများနှင့် အသက်ကယ်ဆယ်ရေးလုပ်ငန်းများတွင် အသုံးပြုရန် ဂျပန်နိုင်ငံက ထုတ်လုပ်သော အမေရိကန်ဒေါ်လာ ၅၀၀၀ တန်ဖိုးရှိ အီစူးဇူး အမျိုးအစား မီးသတ်ယာဉ်တစ်စီး ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို မတ် ၁၈ ရက် နံနက် ၁၀ နာရီတွင် မီးသတ်ဦးစီးဌာန(ရုံးချုပ်)မေခလာခန်းမ၌ကျင်းပရာ ရှေးဦးစွာ အလှူရှင် မွေးကော်အိတ်လုပ်ငန်းမှ ဦးမြင့်မောင်က လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်း ပြောကြားပြီး မီးသတ်ယာဉ်နှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်းထံ ပေးအပ်လှူဒါန်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

(၆၄)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြု ကျိုက်ထိုမြို့နယ် စကားဝါလမ်း ကတ္တရာလမ်းသစ်ဖွင့်

ရန်ကုန် မတ် ၂၀

၂၀၀၉ခုနှစ် (၆၄)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးခဲ့သည့် ကျိုက်ထိုမြို့ ဇေယျာမွန်ရပ်ကွက်ရှိ စကားဝါလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို မတ် ၁၇ ရက်တွင် အဆိုပါ လမ်းသစ်မုခ်ဦး၌ ကျင်းပရာ ရှေးဦးစွာ နယ်မြေခံတပ်မှ ဗိုလ်မှူးကြီးတောက်ထွန်းအား မြို့နယ်စည်ပင်သာယာရေး အဖွဲ့ အမှုဆောင်အရာရှိ ဦးနေထက်ရှိန်က ဖွင့်ပွဲအထိမ်းအမှတ် တံဆိပ်ကို ပေးအပ်သည်။ **(ယာပုံ)**

ထို့နောက်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်အောင်ဝင်းနှင့် အမှုဆောင်အရာရှိ ဦးနေထက်ရှိန်တို့ကစကားဝါလမ်း ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြပြီး တာဝန်ရှိသူများက ကတ္တရာလမ်းသစ်ကို ကြည့်ရှုစစ်ဆေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်သူ့ သဘောထား	✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။ ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။ ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။ ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

စစ်ကိုင်းတိုင်း မုံရွာခရိုင် ဘုတလင်မြို့ အော်တိုအိတ်ချိန်းသစ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး ဖဲကြိုးဖြတ် ဖွင့်လှစ်

နေပြည်တော် မတ် ၂၀

စစ်ကိုင်းတိုင်း မုံရွာခရိုင် ဘုတလင်မြို့၌ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအော်တိုတယ်လီဖုန်းအိတ်ချိန်းသစ်ဖွင့်ပွဲကို မတ် ၁၈ ရက် နံနက် ၇ နာရီက ကျင်းပရာ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊အနောက်မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် သိန်းထွန်း၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အစီအစဉ်အရ တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးနှင့်ဒုတိယဝန်ကြီးဗိုလ်ချုပ်သိန်းထွန်းတို့က အော်တိုတယ်လီဖုန်း အိတ်ချိန်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းမှူးနှင့် ဒုတိယဝန်ကြီးတို့သည်အော်တိုအိတ်ချိန်းအတွင်းကြည့်ရှုစစ်ဆေးပြီးနောက် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသော ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

(သတင်းစဉ်)

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးနှင့် ဆက်သွယ်ရေး၊စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သိန်းထွန်းတို့ ဘုတလင်မြို့ အော်တိုအိတ်ချိန်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

လမ်းမတော်မြို့နယ် ရဲတပ်ဖွဲ့ အဆောက်အအုံသစ်ဖွင့်ပွဲ ကျင်းပ

ရန်ကုန် မတ် ၂၀

ရန်ကုန်တိုင်းရဲတပ်ဖွဲ့၊ လမ်းမတော်မြို့နယ်ရဲတပ်ဖွဲ့ အဆောက်အအုံသစ်ဖွင့်ပွဲကို ယမန်နေ့နံနက် ၇ နာရီခွဲတွင် အဆိုပါ အဆောက်အအုံ၌ ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ဗိုလ်မှူးချုပ်ခင်ရီ တက်ရောက်၍ အဆောက်အအုံသစ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာများ ပက်ဖျန်းပေးသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ ရန်ကုန်တိုင်းရဲတပ်ဖွဲ့ လမ်းမတော်မြို့နယ်ရဲတပ်ဖွဲ့အဆောက်အအုံသစ် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ထို့နောက် အစည်းအဝေးခန်းမ၌ အဆောက်အအုံသစ် လွှဲပြောင်းသည့် အခမ်းအနားကို ဆက်လက်ကျင်းပရာ နိုင်ဂရု(ပ်)ဆောက်လုပ်ရေးကုမ္ပဏီ မန်နေဂျင်း ဒါရိုက်တာ ဦးဇော်နိုင်ဦးက အဆောက်အအုံနှင့်စပ်လျဉ်းသော စာရွက်စာတမ်းများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့သို့ လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ မြို့နယ်၊ ခရိုင်၊ တိုင်းရဲတပ်ဖွဲ့မှူးတို့က မှုခင်းကျဆင်းရေး ဆောင်ရွက်ထားမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ရဲချုပ်ဗိုလ်မှူးချုပ်ခင်ရီက တရားဥပဒေ စိုးမိုးရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းမှာကြားသည်။

ထို့နောက် ရဲချုပ်နှင့် ဧည့်သည်တော်များသည် ရဲတပ်ဖွဲ့ အဆောက်အအုံသစ်ကို လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

(သတင်းစဉ်)

အင်္ဂပူမြို့နယ်အသင်း (ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

ရန်ကုန် မတ် ၂၀

အင်္ဂပူမြို့နယ်အသင်း(ရန်ကုန်)၏ (၃၆)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် ဂုဏ်ပြုပွဲအခမ်းအနားကို မတ် ၂၈ ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ရွှေတိဂုံဘုရားလမ်း သစ်လုပ်ငန်းခမ္မာရုံ၌ ကျင်းပမည် ဖြစ်သည်။

အသင်းဝင် အသက် (၇၅)နှစ်အထက် ကန်တော့ခံသက်ကြီးပုဂ္ဂိုလ်များ၊ တက္ကသိုလ်ဝင်စာမေးပွဲကို ဂုဏ်ထူးဖြင့်အောင်မြင်သူများ၊ မဟာသိပ္ပံ၊ မဟာဝိဇ္ဇာ၊ မဟာဥပဒေ၊ မဟာပညာရေး၊ ပါရဂူဘွဲ့ရသူများ၊ နိုင်ငံတော်ကချီးမြှင့်သည့် ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ် လက်ခံရရှိသူများသည် ဦးမြင့်အောင် ဖုန်း-၀၉-၅၁၅၉၁၄၄၊ ရုံးဖုန်း၂၂၁၆၈၄၊ ၇၂၃၁၀၉၊ အိမ်ဖုန်း-၆၆၆၁၅၂ နှင့် အသင်းရုံး ဖုန်း-၅၁၉၂၇၃ (ရုံးချိန်အတွင်း)နှင့် နီးစပ်ရာ အမှုဆောင်များထံသို့ မတ် ၂၅ ရက် နောက်ဆုံးထား သတင်းပေးပို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(ကြေးမုံ)

ရေဝတီတိုင်းရောင်း/စက်ဌာန စာပေဟောပြောပွဲကျင်းပ

ရန်ကုန် မတ် ၂၀

မြန်မာ့သစ်လုပ်ငန်း ရေဝတီတိုင်း ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာန၊ စာပေနှင့် ယဉ်ကျေးမှုကော်မတီက ကြီးမှူးကျင်းပသောစာပေဟောပြောပွဲများနှင့် စာကြည့်တိုက်ဖွင့်ပွဲကိုကမ်းနီ အမှတ်(၁၁၅)သစ်စက်၊မြင်းကကွင်းအမှတ်(၁၁၇) သစ်စက်၊မြစ်တရာ အမှတ်(၁၂၅)သစ်စက်နှင့် ပုသိမ်၊ ရောင်း/စက်ရုံးတို့၌ မတ် ၁၃ ရက်နှင့် ၁၄ ရက်များတွင် ကျင်းပသည်။

အခမ်းအနားသို့ ရေဝတီတိုင်း ရောင်း/စက်ဌာနမှူး ဦးအောင်သိန်းနှင့် စက်ရုံမှူး၊ စက်ရုံဝန်ထမ်းများ၊ ဝန်ထမ်း မိသားစုများ တက်ရောက်ကြသည်။စာပေဟောပြောပွဲတွင် စာရေးဆရာ လယ်တွင်းသား စောချစ်၊ ချစ်နိုင် (စိတ်ပညာ)နှင့် ဒါရိုက်တာကြည်စိုးထွန်းတို့က စာပေရေးရာများကို ဟောပြောကြသည်။

(ခရိုင်ပြန်/ဆက်)

တွေ့ဆုံ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန် စင်ကာပူဆိပ်ကမ်း၌ Maritime Port Authority of Singapore မှ တာဝန်ရှိပုဂ္ဂိုလ်များ နှင့် တွေ့ဆုံစဉ်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် စင်ကာပူမြို့ရှိ Maritime Port Authority သို့ သွားရောက်ကြည့်ရှုလေ့လာ

နေပြည်တော် မတ် ၂၀

စင်ကာပူသမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန်ရောက်ရှိနေသည့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် စင်ကာပူသမ္မတနိုင်ငံ အလုပ်သမားဝန်ကြီးဌာန ခေတ္တဝန်ကြီး H.E. Mr.Gan Kim Yong လိုက်ပါလျက် မတ် ၁၇ရက် ညနေပိုင်းတွင် စင်ကာပူဆိပ်ကမ်းရှိ Maritime Port Authority of Singapore သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား Maritime Port Authority of Singapore မှ Assistant Chief Executive, Captain Khong Shen Ping နှင့် တာဝန်ရှိသူများက ကြိုဆို နှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များအား ရုံးအဆောက်အအုံ ၂၁လွှာရှိ Board Room ၌ Assistant Chief Executive က MPA အဖွဲ့ဝင်များနှင့် မိတ်ဆက်ပေးပြီး MPA ၏ ရည်ရွယ်ချက်၊ ရည်မှန်းချက်များ၊ ကွန်တိန်နာများလက်ခံမှုနှင့် စစ်ဆေးမှု အခြေအနေ၊ အနာဂတ်စီမံချက်များ၊ MPA ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေနှင့် သင်တန်းများပေးမှု အခြေအနေများကို ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က သိလိုသည်များကို မေးမြန်းဆွေးနွေးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စင်ကာပူဆိပ်ကမ်း၌ ကွန်တိန်နာများနေရာချထားမှု၊ ကုန်တင်သင်္ဘောများပေါ်မှ ကွန်တိန်နာများ ချနေမှုနှင့် ကွန်တိန်နာ ချီမစက်ယန္တရားများဖြင့် လုပ်ငန်းဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

(သတင်းစဉ်)

တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် စစ်ဦးစီးချုပ်ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ပြန်လည်ထွက်ခွာ

ရန်ကုန် မတ် ၂၀

တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် စစ်ဦးစီးချုပ် General Chen Bingde ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံ၌ ချစ်ကြည်ရေးခရီး လည်ပတ်ပြီးနောက် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာယဲ့တာပို၊ စစ်သံမှူး Senior Colonel Gao Tiejun၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ စစ်သံမှူး ဗိုလ်မှူးကြီး တင့်ဝေနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် စစ်ဦးစီးချုပ် General Chen Bingde အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။ (သတင်းစဉ်)

တူဒေးစာအုပ်ဆိုင်သစ် ဖွင့်လှစ်

ရန်ကုန် မတ် ၂၀

တူဒေးစာအုပ်တိုက်၏ ဆဋ္ဌမမြောက် ဆိုင်ခွဲသစ်ကို အမှတ်(၆၂)၊ မဟာဗန္ဓုလလမ်းရှိ East Point Shopping Center ၏ ပထမထပ်၊ အခန်းအမှတ်(၂၀၂)၌ ဖွင့်လှစ်ထားပြီး ဖြစ်သည်။

သင်္ကြန်အထူးဈေးရောင်းပွဲအဖြစ် တူဒေးစာအုပ်ဆိုင်များအားလုံးတွင် ဧပြီ ၃ ရက်မှ ၁၁ရက်အထိ လုံးချင်းစာအုပ်ဝယ်ယူသူများအတွက် ၁၀ရာခိုင်နှုန်း အထူးလျှော့ဈေးဖြင့် ရောင်းချပေးမည်ဖြစ်ကြောင်းနှင့် ဆက်သွယ်လိုပါက ဖုန်း-၃၉၇၉၀၀ လိုင်းခွဲ(၂၀၂)သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ကသာခရိုင်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး

ရန်ကုန် မတ် ၂၀

ကသာခရိုင်အတွင်း မြို့နယ် ခုနစ်မြို့နယ်မှ အသင်းဝင်မိသားစုများ၏ နှစ်စဉ်ကျင်းပမြဲ သင်းလုံးကျွတ်အစည်းအဝေးကြီးတွင် အသက်(၇၅)နှစ်နှင့်အထက် အဘိုးအဘွားများအား ကန်တော့ခြင်း၊ ၂၀၀၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသည့် အသင်းဝင်မိသားစုများ၏ သားသမီးများအား ပညာရည်ချွန်ဆုချီးမြှင့်ခြင်းတို့ကို ဧပြီ ၅ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီမှ မွန်းတည့်၁၂နာရီအထိ ရွှေတိဂုံဘုရားတောင်ဘက်မုခ် သစ်လုပ်ငန်းဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်ပုဂ္ဂိုလ်များနှင့် ရန်ကုန်ရောက်ခရိုင်သူ၊ ခရိုင်သားအားလုံး တက်ရောက်ပြီး ဘိုးဘွားစာရင်းနှင့် တက္ကသိုလ်ဝင်စာမေးပွဲဂုဏ်ထူးရကျောင်းသား၊ ကျောင်းသူစာရင်းတို့ကို ဥက္ကဋ္ဌ ဦးညွန့်ဦး ဖုန်း-၅၇၃၇၂၈၊ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးရွှေမိုး(ငြိမ်း) ဖုန်း-၆၄၂၄၆၄၊ ဦးခင်မောင်လင်း ဖုန်း-၅၀၀၄၈၈၊ ဒုတိယဗိုလ်မှူးကြီး မောင်ကို(ငြိမ်း) ဖုန်း-၅၆၀၉၈၁၊ ဘဏ္ဍာရေးမှူး ဒေါ်ညွန့်ညွန့်ရွှေ ဖုန်း-၆၆၅၈၂၁၊ အတွင်းရေးမှူး ဦးအောင်ဝင်း ဖုန်း-၀၉-၅၁၁၀၇၃၅၊ တွဲဖက်အတွင်းရေးမှူး ဦးမွေးတင် ဖုန်း-၅၅၀၄၆၂ တို့သို့ ဆက်သွယ် ပေးပို့နိုင်ကြောင်း သိရသည်။

(ကြေးမုံ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၁-၃-၂၀၀၉ (စနေနေ့)

AM & PM

၇း၀၀-၁း၀၀	MRTV-4အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅-၁း၀၅	‘‘ဘာဝနာဆိုသည်မှာ’’တရားတော် (ဆရာတော် ဓမ္မဒူတဒေါက်တာအရှင်ပညိဿရ)
၇း၅၅-၁း၅၅	ဖိတ်ခေါ်လိုက်ပါသည် ငွေဆောင်ကမ်းခြေဆီ
၈း၁၀-၂း၁၀	သီချင်းကောင်းကောင်းသီချင်းတောင်း
၈း၃၀-၂း၃၀	ဖွံ့ဖြိုးတိုးတက်ဝေဆာနေ---တောင်ကုတ်အလှမြေ
၈း၅၅-၂း၅၅	တစ်ပတ်အတွင်းအားကစားသတင်း
၉း၁၀-၃း၁၀	ပြည်တွင်းသတင်းအကျဉ်း
၉း၂၀-၃း၂၀	ပွင့်သောပန်းတိုင်းလန်းစေရာစာပန်းအိမ်မှာ
၉း၄၀-၃း၄၀	တေးဂီတအစီအစဉ်
၉း၄၅-၃း၄၅	နိုင်ငံတကာသတင်းအကျဉ်း
၉း၅၀-၃း၅၀	ကြည်နူးစရာလက်ဆောင်အဖြာဖြာ (Pearl Gift & Florist)
၁၀း၀၅-၄း၀၅	မိုးလေဝသခန့်မှန်းချက်
၁၀း၁၀-၄း၁၀	ကျန်းမာသန်ထွားဉာဏ်မြင့်မား (မင်းရာဇာ၊မျိုးစန္ဒီကျော်၊တက္ကသိုလ်ဂွမ်းပုံ)
၁၀း၂၀-၄း၂၀	ပြည်တွင်းသတင်းအကျဉ်း
၁၀း၃၀-၄း၃၀	MRTV-4 စာအုပ်စင်ကဏ္ဍ (စာရေးဆရာ မောင်မြင့်ကြွယ်နှင့်တွေ့ဆုံခြင်း)
၁၀း၅၅-၄း၅၅	တေးဂီတအစီအစဉ်
၁၁း၀၀-၅း၀၀	ကျန်းမာစေသောရေ (ဒေါက်တာခင်မောင်လွင်၊ဒေါက်တာသန်းထွန်း)
၁၁း၃၀-၅း၃၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၄၀-၅း၄၀	Yangon Panorama (နှင်းဆီကုန်းဘိုးဘွားရိပ်သာအလှူရှင်ဂုဏ်ပြုပွဲ)
၁၂း၀၀-၆း၀၀	အနုပညာရပ်ဝန်းမှရင်ခုန်သံများ ‘‘ဖက်ရှင်’’
၁၂း၂၀-၆း၂၀	သွားမယ်စားမယ် (50th STREET)
၁၂း၄၀-၆း၄၀	တေးဂီတအစီအစဉ်
၁၂း၄၅-၆း၄၅	သီးနှံအထွက်တိုးစေရာ သဘာဝမြေသြဇာ
၁း၀၀-၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် **UHF** တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclay Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၇း၀၀	Portsmouth - Everton	ESPN (Live)
၉း၂၅	Tottenham - Chelsea	ESPN (Live)
	Fulham - Man Utd	STAR SPORTS (Live)
၁၁း၅၅	Newcastle - Arsenal	STAR SPORTS (SDD)

Serie A ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂း၀၀	Roma - Juventus	5-Cartoons (Live)

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး စစ်ကိုင်းတိုင်း မုံရွာခရိုင်အတွင်းရှိ မျက်စိဝေဒနာရှင်များအား အခမဲ့စမ်းသပ် ခွဲစိတ်ကုသပေးပွဲနှင့် လူထုတွေ့ဆုံပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ပညာရေးနှင့် ကျန်းမာရေးကဏ္ဍများတွင် ဒေသခံပြည်သူများက စိတ်အားထက်သန်စွာ ပါဝင်ဆောင်ရွက်လျက်ရှိ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတစ်ဝန်းနယ်စပ်ဒေသပါမကျန် မျှတစွာဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးနေ ပြည်တွင်းပြည်ပမှ အဖျက်အမှောင့်အန္တရာယ်ကိုလည်း သတိရှိရှိဖြင့် ဝိုင်းဝန်းကာကွယ်တိုက်ဖျက်ရန်လိုအပ်

နေပြည်တော် မတ် ၂၀

စစ်ကိုင်းတိုင်း မုံရွာခရိုင်အတွင်းရှိ မျက်စိဝေဒနာရှင်များအား အခမဲ့စမ်းသပ် ခွဲစိတ်ကုသပေးမှု အောင်ပွဲအခမ်းအနားကို မတ် ၁၈ရက် နံနက် ၉နာရီခွဲတွင် ပုလဲမြို့ မြို့နယ်လုံးဆိုင်ရာ ဗုဒ္ဓဝိဟာရသာသနာ့ဗိမာန်ခန်းမဦကျောင်းပရာ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ တိုင်း၊ခရိုင်၊မြို့နယ်များမှ ဌာနဆိုင်ရာများ၊ မျက်စိခွဲစိတ်ကုသပေးသည့် ဆရာဝန်ကြီးများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျေးရွာအုပ်စုဝင်များဖြစ်ကြသော မြို့ပေါ်ကျေးရွာအုပ်စု၊ တောင်ပေါ်ကျေးရွာအုပ်စု၊ မြေပြန့်ကျေးရွာအုပ်စု စသည့် ကျေးရွာအုပ်စုသုံးအုပ်စု ရွာပေါင်း ၆၁ ရွာတို့မှ ဒေသခံပြည်သူ ၁၅၀၀ ကျော် တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး၊ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် တာဝန်ရှိသူများက မျက်စိခွဲစိတ်ကုသပြီးဝေဒနာရှင်များအား နေကာမျက်မှန်များ၊ အနီးကြည့်၊ အဝေးကြည့်မျက်မှန်များကို တပ်ဆင်လှူဒါန်းပေးကြသည်။

ယင်းနောက် တိုင်းမှူးနှင့် ဝန်ကြီးတို့က အမှာစကားအသီးသီး ပြောကြားကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးက ပုလဲမြို့ ပြည်သူ့ဆေးရုံ ဆေးပဒေသာပင်အတွက် ငွေကျပ် ၁၀ သိန်းကိုလည်းကောင်း၊ ဝန်ကြီးနှင့်ဇနီးမိသားစုက ပုလဲမြို့ ပြည်သူ့ဆေးရုံ ဆေးပဒေသာပင်အတွက် လှူဒါန်း ငွေကျပ် ၁၀သိန်း၊ ရွှေတောင်ကုမ္ပဏီက ပုလဲမြို့ ပြည်သူ့ဆေးရုံ ဆေးပဒေသာပင်အတွက် လှူဒါန်းငွေကျပ်သိန်း ၂၀၊ ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းနှင့်ဇနီး ဒေါ်ကြည်ကြည်ဝင်းမိသားစုက ပုလဲမြို့ ဆင်မြတ်ရှင်ဘုရားကြီး ပြုပြင်မွမ်းမံရန်အတွက် ငွေကျပ်ငါးသိန်းနှင့် ပုလဲမြို့ ဗုဒ္ဓဝိဟာရသာသနာ့ဗိမာန်အတွက် ငွေကျပ်နှစ်သိန်း၊ မင်းတိုင်ပင်ကျေးရွာအုပ်စု ကျောက်ဖျာကံကျေးရွာ စာကြည့်တိုက် ဆောက်လုပ်ရန်အတွက် ငွေကျပ်ငါးသိန်း တို့ကို လည်းကောင်း၊ Gano Excel Myanmar ကုမ္ပဏီမှ ဒေါ်နွယ်နွယ်စိုးက ဝက်ကျကျေးရွာ တိုက်နယ်ဆေးရုံ ဆေးပဒေသာပင်အတွက် ငွေကျပ်သိန်း၁၀၀နှင့် ပုလဲမြို့ ပြည်သူ့ဆေးရုံ ဆေးပဒေသာပင်အတွက် ငွေကျပ်၁၀သိန်းကိုလည်းကောင်း ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံကြသည်။

ဆက်လက်၍ ဆေးပဒေသာပင်လှူဒါန်းခြင်းအတွက် ဝက်ကျကျေးရွာဒေသခံပြည်သူများကိုယ်စား ဦးသန်းလှိုင်နှင့် မျက်စိကုသမှုခံယူခဲ့သည့် ဝေဒနာရှင်များကိုယ်စား ပုလဲမြို့ မြို့မိမြို့ဖ ဦးသောင်းစိန်တို့က ကျေးဇူးတင်စကားများ ပြန်လည်ပြောကြားကြသည်။

အခမ်းအနားအပြီးတွင် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသော ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

တွေ့ဆုံပွဲ၌ တိုင်းမှူးက မုံရွာခရိုင်အတွင်းရှိ မျက်စိဝေဒနာရှင်များအား စမ်းသပ်စစ်ဆေးခွဲစိတ်ကုသပွဲတွင် တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ပြည်သူများ ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်ခဲ့ကြ၍ အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ အလားတူ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ရာတွင်လည်းကောင်း၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်အောင် အကောင်အထည်ဖော်ရာတွင်လည်းကောင်း နိုင်ငံတော်အစိုးရနှင့်အတူ ပြည်သူတစ်ရပ်လုံးက တက်ညီလက်ညီ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းက အမှာစကား ပြောကြားရာတွင် ယနေ့သည် မုံရွာခရိုင်အတွင်းရှိ မြို့နယ်များနှင့် အနီးပတ်ဝန်းကျင်ဒေသများရှိ မျက်စိဝေဒနာရှင်များ၏ မျက်စိအလင်းရရှိသော အလင်းအောင်ပွဲနေ့ အခမ်းအနားဖြစ်သည့်အတွက် ဒေသခံပြည်သူများအတွက် ဂုဏ်ယူဝမ်းမြောက်ဖွယ်နေ့တစ်နေ့ ဖြစ်ပါကြောင်း။

မျက်စိစမ်းသပ်ခွဲစိတ်ကုသမှု အောင်မြင်အောင် ဝိုင်းဝန်းဆောင်ရွက်ပေးခဲ့သည့် မျက်စိအထူးကု ဆရာဝန်ကြီးများနှင့် ကျန်းမာရေးဝန်ထမ်းများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသအာဏာပိုင်များနှင့် ဝန်ထမ်းများအား ကျေးဇူးတင်ရှိပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ကို ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိရာတွင် ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုများကို ပြည်သူများ လက်တွေ့ခံစားသိရှိနေကြပြီဖြစ်ကြောင်း၊ ထို့အပြင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ မြန်မာနိုင်ငံအတွင်း ဒေသအသီးသီးတွင် တာဝန်ရှိသူများက ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို သီးခြားစီစဉ်ဆောင်ရွက်ပေးလျက် ရှိပါကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ မူဝါဒလမ်းစဉ်(၇)ရပ်ဖြင့် တစ်ဆင့်ချင်း စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးက နိုင်ငံတော်အစိုးရနှင့် ဆက်လက်ဝိုင်းဝန်း ပူးပေါင်းလက်တွဲအကောင်အထည်ဖော် ဆောင်ရွက်သွားကြပါရန် မှာကြားလိုကြောင်း။

ထို့အပြင် နိုင်ငံတော်အား ပျက်စီးရာပျက်စီးကြောင်း ကြံစည်လုပ်ဆောင်လျက်ရှိသော ပြည်တွင်းပြည်ပမှ အဖျက်အမှောင့်သမား၊ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ အန္တရာယ်ကိုလည်း သတိရှိရှိဖြင့် ဝိုင်းဝန်းကာကွယ် တိုက်ဖျက်သွားရန် လိုအပ်ပါကြောင်း။

ယနေ့မြန်မာနိုင်ငံတစ်ဝန်းတွင် ဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်းများ တည်ဆောက်ထားရှိပြီးဖြစ်သည့်အားလျော်စွာ ရရှိထားသော ဖွံ့ဖြိုးတိုးတက်မှုများကို စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ဆက်လက်ထိန်းသိမ်းမြှင့်တင်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

ယနေ့ဆေးပဒေသာပင်အတွက် ရရှိသောလှူဒါန်းငွေပေါင်းမှာ ပုလဲမြို့ ပြည်သူ့ဆေးရုံအတွက် ငွေကျပ်သိန်း ၅၀၊ ဝက်ကျကျေးရွာ တိုက်နယ်ဆေးရုံအတွက် ငွေကျပ်သိန်း ၁၀၀ ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးနှင့် ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတို့ စစ်ကိုင်းတိုင်း မုံရွာခရိုင်အတွင်းရှိ မျက်စိဝေဒနာရှင်များအား အခမဲ့စမ်းသပ်ခွဲစိတ်ကုသပေးပွဲနှင့် လူထုတွေ့ဆုံပွဲ အခမ်းအနားသို့ တက်ရောက်လာကြသော ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

အီရတ်စစ်ပွဲ နှစ်ပတ်လည်နေ့အထိမ်းအမှတ်အဖြစ် အမေရိကန်၌ ပြည်သူများ စစ်ဆန့်ကျင်ရေးဆန္ဒပြ

ဝါရှင်တန် မတ် ၂၀

အမေရိကန်နိုင်ငံတွင် ပြည်သူများက အီရတ်စစ်ပွဲ ခြောက်နှစ်ပြည့်မြောက်သည့် နှစ်ပတ်လည်နေ့အဖြစ် စစ်ဆန့်ကျင်ရေး ဆန္ဒပြပွဲကို နိုင်ငံတစ်ဝန်း၌ မတ် ၁၉ ရက်က ကျင်းပကြသည်။

စစ်ပြန်စစ်မှုထမ်းများကလည်း အိမ်ဖြူတော်အနီး၌ စစ်ဆန့်ကျင်ရေးဆန္ဒပြခဲ့ကြသည်။ အီရတ်နှင့် အာဖဂန်နိုင်ငံတို့အား အမေရိကန်တပ်ဖွဲ့များက သိမ်းပိုက်ထားခြင်းကို အဆုံးသတ်ပေးရန် စစ်ဆန့်ကျင်ရေး အီရတ်စစ်ပြန်များအဖွဲ့က တောင်းဆိုကြသည်။

အမေရိကန်သမ္မတ ဘားရက်အိုဘားမားသည် စစ်ဆန့်ကျင်သူအဖြစ် လူသိများပြီး စစ်မလိုလားသူများက ၎င်းအား ထောက်ခံကြသည်။ အိုဘားမားက သမ္မတ တာဝန်ယူပြီး ၁၆ လအတွင်း အမေရိကန် တိုက်ခိုက်ရေးတပ်ဖွဲ့များကို အီရတ်မှ ရုပ်သိမ်းပေးမည်ဟု ကတိထားခဲ့သည်။ သို့ရာတွင် ထိုကတိအတိုင်း ဆောင်ရွက်ရန် ပျက်ကွက်သဖြင့် ၎င်းအား ထောက်ခံသူများက သမ္မတအပေါ် စိတ်ပျက်ခဲ့ကြသည်ဟု ဆိုသည်။

သမ္မတအိုဘားမားက ဖေဖော်ဝါရီလအတွင်းတွင် အီရတ်မှတပ်များ ရုပ်သိမ်းရေးကိစ္စ၌ တိုက်ခိုက်ရေးတပ်ဖွဲ့ အများစုပါဝင်သော တပ်များအား ၁၈လအတွင်း ရုပ်သိမ်းရေးကို ဆောင်ရွက်ရန် ထုတ်ပြန်အသိပေးခဲ့သည်။

ထိုအစီအစဉ်အရ ဆိုပါက တိုက်ခိုက်ရေးတပ် မဟုတ်သော တပ်ဖွဲ့ဝင် ၅၀၀၀၀ မှာ ၂၀၁၀ပြည့်နှစ် ဩဂုတ်လတွင် အီရတ်၌ ဆက်လက်ကျန်ရှိနေမည်ဖြစ်သည်။ ထိုအစီအစဉ်ကို ဒီမိုကရက်အများစုကလည်း မလိုလားကြကြောင်း သိရသည်။

အိုဘားမားသည် အကြမ်းဖက်မှုကို နှိမ်နင်းရာတွင် အာဖဂန်နိုင်ငံစစ်ပွဲကို ပို၍အလေးထားသည်။ ထိုအယူအဆကိုလည်း စစ်ပြန်များက သဘောမကျကြဟုဆိုသည်။ အာဖဂန်ကို သိမ်းပိုက်ထားသည့်ကိစ္စမှာလည်း တရားမဝင် သိမ်းပိုက်မှုပင်ဖြစ်၍ မိမိတို့မလိုလားပါဟု စစ်ပြန်ဘရိုင်ယင်ကတ်စလာက ပြောကြားသည်။

ဆန်ဖရန်စစ္စကိုမြို့လယ်တွင် ဆန္ဒပြသူအများအပြားကို ဒေသခံရဲများက လက်ထိပ်ခတ်၍ ဖမ်းဆီးခဲ့ကြသည်။

ကာလီဖိုးနီးယား၊ နယူးယောက်ရှိ ယူနီယံစကွဲယားစသည့်နေရာများ၌လည်း ပြည်သူရာပေါင်းများစွာတို့က စစ်ကို မလိုလားကြောင်း၊ စစ်ကိုအဆုံးသတ်ပေးရန် လိုလားကြောင်း၊ ကျူးကျော်သိမ်းပိုက်မှုကို ဆန့်ကျင်ကြောင်း ပိုစတာများကိုင်ဆောင်၍လည်းကောင်း၊ ကြွေးကြော်သံများ ကြွေးကြော်၍လည်းကောင်း ဆန္ဒပြကြသည်။

အီရတ်နိုင်ငံသည် လူအစုလိုက် အပြုံလိုက် သေစေသော လက်နက်များ ပိုင်ဆိုင်ထားသည်။ အကြမ်းဖက်သမားများနှင့် ပူးပေါင်းသည်ဆိုသော မှားယွင်းသည့် စွပ်စွဲချက်များဖြင့် အီရတ်ကို ၂၀၀၃ ခုနှစ် မတ်၁၉ရက်တွင် ကျူးကျော်သိမ်းပိုက်ခဲ့ကြသည်။

ယခုအခါ ထိုစစ်ပွဲကြောင့် အီရတ်တွင် အမေရိကန်တပ်ဖွဲ့ဝင် ၄၁၅၀ ကျော် သေဆုံးခဲ့ရပြီး စစ်အသုံးစရိတ်မှာလည်း အမေရိကန်ဒေါ်လာ ၈၀၀ ဘီလီယံနီးပါး ကုန်ကျနေပြီဖြစ်သည်။ ***အင်တာနက်။***

ကြေးမုံ The Mirror

နိုင်ငံတကာ သတင်းများ

အမေရိကန်နိုင်ငံ နယူးယောက်မြို့တွင် အီရတ်စစ်ပွဲနှစ်ပတ်လည်နေ့၌ အီရတ်နှင့်အာဖဂန် ကျူးကျော်ရေး စစ်ပွဲများအား ဆန့်ကျင်ဆန္ဒပြနေကြသော ပြည်သူများကို မတ် ၁၉ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အာဖဂန်နစ္စတန်အရှေ့ပိုင်းရှိ စာသင်ကျောင်းအား ဗုံးများဖြင့်တိုက်ခိုက်

ကဘူး မတ် ၂၀

အာဖဂန်နစ္စတန်အရှေ့ဘက် ခိုစ့်ပြည်နယ်တွင် မတ်၁၉ရက်က စာသင်ကျောင်းအား စစ်သွေးကြွများက ဗုံးဖောက်ခွဲမှုကြောင့် ကျောင်းအဆောက်အအုံ ပျက်စီးခဲ့ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

စာသင်ကျောင်းကို ဒေသစံတော်ချိန် နံနက် ၃ နာရီက လက်နက်ကိုင်ဆောင်ထားသော သောင်းကျန်းသူများက ဗုံးများဖြင့် တိုက်ခိုက်သဖြင့် စာသင်ခန်း ၂၄ ခန်း ပျက်စီးခဲ့ရသည်။

အဆိုပါကျောင်း၌ မိန်းကလေး ၁၈၀ အပါအဝင် ကျောင်းသား ၄၁၅ ဦး ပညာသင်ကြားလျက်ရှိသည်။ လွန်ခဲ့သော ရက်သတ္တပတ်က ယင်းဒေသတွင် အခြားစာသင်ကျောင်း တစ်ကျောင်းကိုလည်း စစ်သွေးကြွများက ဖျက်ဆီးခဲ့သည်။

အင်တာနက်။

ဘဂ္ဂဒက်၌ အိုင်အိုင်ပီ ပါတီခေါင်းဆောင် ပစ်သတ်ခံရ

ဘဂ္ဂဒက် မတ် ၂၀

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် ဒုတိယသမ္မတ တာရစ်အယ်လ်ဟာရှိမီ ခေါင်းဆောင်သည့် အီရတ် အစ္စလာမ့်စ်ပါတီ (အိုင်အိုင်ပီ)မှ အဓိကခေါင်းဆောင် တစ်ဦး သေနတ်ပစ်ခံရ၍ သေဆုံးခဲ့ကြောင်း ၎င်းပါတီက ကြာသပတေးနေ့တွင် ပြောကြားသည်။

ဘဂ္ဂဒက်မြို့ အနောက်ဘက် ကက်ချ်ဒေသရှိ အိုင်အိုင်ပီပါတီ၏ ဒုတိယခေါင်းဆောင် ဖီးဆဲလ် အဗ္ဗဒူလာ အယ်လ်ဆာမာရီအား မတ် ၁၈ရက် ညပိုင်းက အခမ်းအနားတစ်ခုသို့ တက်ရောက်ရန် ထွက်ခွာလာစဉ် ပစ်သတ်ခံရခြင်းဖြစ်သည်။

အင်တာနက်။

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ အဝေးပြေးလမ်းမတစ်နေရာတွင် ခုခံရေးသမားများ တိုက်ခိုက်မှုကြောင့် အိုင်အီးဒီဗုံး ထိမှန်သွားသော အမေရိကန် သံချပ်ကာယာဉ်တစ်စီးကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အမေရိကန်တို့၏ လေကြောင်းမှ တိုက်ခိုက်မှုကြောင့် အာဖဂန်နှင့် ပါကစ္စတန်နယ်စပ်အနီး အာဖဂန်ကျေးရွာမှ ရွာသားအချို့ သေဆုံးနေကြသည်ကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အမေရိကန် သတင်းထောက်နှစ်ဦး မြောက်ကိုရီးယားဖမ်းဆီး

ဆိုးလ် မတ် ၂၀

တရုတ်နိုင်ငံ နယ်စပ်အနီးတွင် အမေရိကန် သတင်းထောက်နှစ်ဦးကို မြောက်ကိုရီးယားတပ်ဖွဲ့ဝင်များက ဖမ်းဆီးသွားကြောင်း တောင်ကိုရီးယား သတင်းဌာနများက ကြာသပတေးနေ့တွင် ဖော်ပြသည်။ အမေရိကန်ဒုတိယသမ္မတဟောင်း အယ်လ်ဂိုး၏ ဆန်ဖရန်စစ္စကို အခြေစိုက် ကားရင့်တီဗွီမှ သတင်းထောက်နှစ်ဦးဖြစ်သော လော်ရာလင်းနှင့် ယူနားလီတို့ကို အင်္ဂါနေ့က ဖမ်းဆီးသွားကြောင်း သာသနာပြုအဖွဲ့ အဖွဲ့ဝင်တစ်ဦးက အေပီသတင်းဌာနသို့ ပြောကြားသည်။

နယ်စပ်တွင် တရုတ်ပိုင်နယ်မြေအတွင်းသို့မဟုတ် မြောက်ကိုရီးယားပိုင်နယ်မြေအတွင်း မည်သည့်နိုင်ငံဘက်၌ ဖမ်းဆီးခဲ့သည်ကို ရှင်းလင်းစွာ မသိရကြောင်း ၎င်းသာသနာပြုက ပြောသည်။ ကင်မရာရိုက်ကူးသူ အမေရိကန်တစ်ဦးမှာ နောက်ဆုံးအချိန်တွင် ထွက်ပြေးလွတ်မြောက်ခဲ့သည်ဟု ဆက်လက်ပြောကြားသည်။

တူရင်မြစ်အနီးတွင် အမေရိကန်များကို ဖမ်းသွားခြင်းဖြစ်သည်ဟု တောင်ကိုရီးယား ရုပ်မြင်သံကြားလိုင်း ဝိုင်တီအန်က ကြာသပတေးနေ့အစောပိုင်းတွင် ကြေညာသည်။ အမည်မဖော်လိုသော သံတမန်များ၏ ပြောကြားချက်ကို ကိုးကား၍ ယွန်ဟတ် သတင်းဌာနက အမေရိကန်တို့အား ဗီဒီယိုရိုက်ကူးခြင်းရပ်တန့်ရန် အမိန့်ပေးခြင်းအားမလိုက်နာသည့်အတွက် ဖမ်းဆီးခြင်းဖြစ်သည်ဟုဖော်ပြသည်။ ***အင်တာနက်။***

နိုင်ငံတကာသတင်းမှတ်စု

ဒစ္စကာဗာရီ နိုင်ငံတကာအာကာသစခန်းသို့ရောက်ရှိ

အမေရိကန် အာကာသလွန်းပြန်ယာဉ် ဒစ္စကာဗာရီသည် နေရောင်ခြည်စွမ်းအင်သုံး စွမ်းအင်ထုတ်အလင်းခံပြား နောက်ဆုံးတစ်စုံနှင့် အာကာသစခန်းယာဉ်ပေါ်၌ နေထိုင်မည့် ပထမဆုံး ဂျပန်အာကာသယာဉ်မှူးတို့ကို ပို့ဆောင်ရန် မတ် ၁၇ ရက်က နိုင်ငံတကာအာကာသစခန်းသို့ ရောက်ရှိသွားသည်။

ဒစ္စကာဗာရီ ကမ္ဘာမြေပြင်သို့ အပြန်ခရီးတွင် အာကာသစခန်းသို့ နိုဝင်ဘာလကတည်းက ရောက်ရှိနေသူ နာဆာမှ ဆန်ဒရာမက်နပ်က ပြန်လည်လိုက်ပါမည်ဖြစ်ပြီး ၎င်း၏ အာကာသစခန်းပျံသန်းရေး အင်ဂျင်နီယာတာဝန်ကို ဂျပန်နိုင်ငံ အာကာသယာဉ် တည်ဆောက်မှုနည်းပညာ စူးစမ်းရေးအေဂျင်စီမှ ကိုအီချိဝါကာတာက တာဝန်ယူမည်ဖြစ်သည်။

ဗြိတိန်၌ အလုပ်လက်မဲ့ဦးရေ နှစ်သန်းကျော်ထိတိုးလာ

ဗြိတိန်နိုင်ငံတွင် အလုပ်လက်မဲ့ဦးရေ ၂ ဒသမ ဝ၃ သန်းထိ တိုးလာပြီး ၁၉၉၇ ခုနှစ်မှစ၍ နှိုင်းယှဉ်လျှင် အမြင့်ဆုံးဖြစ်ကြောင်း ဗုဒ္ဓဟူးနေ့တွင် စာရင်းအင်းဌာနက ဖော်ပြသည်။

နိုင်ငံ၏အလုပ်လက်မဲ့နှုန်းသည် ဇန်နဝါရီလထိ သုံးလအတွက် ၆ ဒသမ ၅ ရာခိုင်နှုန်းဖြစ်ပြီး ယခင်သုံးလပတ် ကာလကျော်ကနှင့်နှိုင်းယှဉ်လျှင် သုညဒသမ ၅ ရာခိုင်နှုန်းမြင့်တက်ကာ တစ်နှစ်ပြီး တစ်နှစ် ၁ ဒသမ ၃ ရာခိုင်နှုန်းတိုးခဲ့သည်။ ဖေဖော်ဝါရီလတွင် အလုပ်လက်မဲ့ အရေအတွက်မှာ ၁၃၈၄၀၀ မှ ၁ ဒသမ ၃၉ သန်းထိ မြင့်တက်လာခဲ့သည်။

ဗြိတိန်နိုင်ငံ လန်ဒန်မြို့ အလုပ်လက်မဲ့မှတ်ပုံတင်ရုံးသို့ လာရောက်ကြသူများအား တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မက္ကဆီကို၌ အမေရိကန်ထုတ်ကုန်ပစ္စည်းများအား အခွန်ကောက်ခံမည်

အမေရိကန်တာဝန်ရှိသူများသည် နယ်စပ်ဖြတ်ကျော် သယ်ယူပို့ဆောင်ရေးနှင့် ပတ်သက်၍ သဘောတူညီချက် ချိုးဖောက်ခြင်းကြောင့် အမေရိကန်စက်မှုနှင့် စိုက်ပျိုးရေးဆိုင်ရာ ထုတ်ကုန်ပစ္စည်းအမျိုးအစား ၉၀ နီးပါးအား မက္ကဆီကိုနိုင်ငံက အခွန်ကောက်ခံမည်ဖြစ်ကြောင်း မက္ကဆီကို စီးပွားရေးဆိုင်ရာဝန်ကြီးက တနင်္လာနေ့တွင် ပြောကြားသည်။

မြောက်အမေရိက လွတ်လပ်စွာ ကုန်သွယ်ရေးသဘောတူညီချက် (နက်ဖ်တာ)ကို အမေရိကန်က ချိုးဖောက်သောကြောင့် သွင်းကုန်အပေါ် စည်းကြပ်ကောက်ခံသည့် အခွန်သစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သတင်းစာရှင်းလင်းပွဲ၌ အဆိုပါဝန်ကြီးက ဆက်လက်ပြောကြားသည်။

တာဂျီကစ္စတန်၌ ကြယ်သီးအတွင်းမှ ဘိန်းဖြူများဖမ်းမိ

ကြယ်သီးများအတွင်း ဘိန်းဖြူဝှက်ပြီး ခိုးသွင်းရန်ကြိုးပမ်းသည့် ဖိလစ်ပိုင်အမျိုးသမီးတစ်ဦးအား တာဂျီကစ္စတန်နိုင်ငံ တာဝန်ရှိသူများက ဖမ်းဆီးရမိကြောင်း အကောက်ခွန်ဌာနတာဝန်ရှိသူများမှ အင်္ဂါနေ့တွင် ပြောကြားသည်။

အဆိုပါအမျိုးသမီးသည် ရေလဲဝတ်ရုံ ၃၃ ထည်၏ ကြယ်သီး ၇၅၈ လုံးအတွင်း ဘိန်းဖြူ သုံးကီလိုကိုထည့်ပြီး သယ်ဆောင်ကာ တူရကီနိုင်ငံသို့သွားမည့် လေယာဉ်တစ်စင်းပေါ်သို့တက်ရန် ပြင်ဆင်နေစဉ် ဒူရှန်ဘီလေဆိပ်၌ ဖမ်းဆီးခံရခြင်းဖြစ်သည်။

ပြန်ပေးဆွဲသူများနှင့် ဖိလစ်ပိုင်တပ်ဖွဲ့တို့ တိုက်ပွဲဖြစ်

ဖိလစ်ပိုင်တပ်ဖွဲ့များနှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအဖွဲ့ဝင်သုံးဦးအား ဓားစာခံအဖြစ်ဖမ်းဆီးထားသည့် သူပုန်များအကြား မတ် ၁၇ ရက်က တိုက်ပွဲပြင်းထန်စွာဖြစ်ပွားမှုကြောင့် တပ်ဖွဲ့ဝင်သုံးဦးနှင့် သူပုန်ခြောက်ဦး သေဆုံးကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

တပ်ဖွဲ့ဝင် ၁၉ ဦးထက်မနည်း ဒဏ်ရာရရှိပြီး ဓားစာခံများ၏အခြေအနေကို ပြောကြားခြင်းမရှိပေ။ ဓားစာခံများဖြစ်သည့် ဆွစ် နိုင်ငံသား အင်ဒရီယပ်နော့တာ၊ အီတလီနိုင်ငံသား ယူဂျီနီယိုဗာဂနီနှင့် ဖိလစ်ပိုင်နိုင်ငံသား မာရီဂျိန်းလာကာဘာတို့သည် ဂျိုလိုကျွန်းရှိ အကျဉ်းစခန်းကို စစ်ဆေးပြီးနောက် ဇန်နဝါရီ ၁၅ ရက်က ပြန်ပေးဆွဲခံရခြင်းဖြစ်သည်။

ချုံခိုတိုက်ခိုက်မှုကြောင့် ဒါဖာငြိမ်းချမ်းရေးတပ်ဖွဲ့ဝင်သေဆုံး

ဆူဒန်နိုင်ငံ ဒါဖာဒေသတွင် မတ် ၁၇ရက်က ကင်းလှည့်နေသည့် နိုင်ငံတကာငြိမ်းချမ်းမှု ထိန်းသိမ်းရေးတပ်ဖွဲ့အား သေနတ်သမား ရှစ်ဦးက တိုက်ခိုက်မှုကြောင့် တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးကြောင်း ယင်းတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

စုစည်းဘာသာပြန်သူ-စိုးစိုးနိုင်

ဇွဲကပင်တောင်ကို သက်သေတည်၍

စောနေမျိုး

မဲဆောက်ကတစ်ဆင့် မြဝတီကိုပြန်ရောက်တော့ အမိမြေဆိုတဲ့ အသိစိတ်ကြောင့် ကြက်သီးမွေးညင်းများ ထလာပါတယ်။ ငယ်စဉ်က ပြေးလွှားဆော့ကစားခဲ့တဲ့ ဇွဲကပင်တောင်ခြေနားက ဇာတိရွာကို ပြန်ရောက်ရတော့မှာဖြစ်လို့ ကြည်နူးမိတာလည်း အမှန်ပါ။ တစ်ဖက်နိုင်ငံ နယ်စပ်ဒုက္ခသည်စခန်းမှာ ကျန်ရစ်ခဲ့တဲ့ဖထီး၊ ဒုက္ခသည်စခန်းမှတစ်ဆင့် တတိယနိုင်ငံကို ရောက်သွားတဲ့ ညီမလေး၊ တောထဲမှာရှိနေသေးတဲ့ အစ်ကိုကြီးတို့ကို သတိရမိလို့ ဝမ်းနည်းသလိုလိုဖြစ်နေပေမယ့် ဇွဲကပင်တောင်ခြေက ရွာမှာရှိနေတဲ့ အမေနဲ့ညီမငယ်တို့ကို ပြန်တွေ့ရမှာဖြစ်တဲ့အတွက် ဝမ်းသာနေမိပါတယ်။

လွန်ခဲ့တဲ့ နှစ် ၂၀အတွင်း ကျွန်တော်ရောက်ခဲ့တဲ့ ဒုက္ခသည်စခန်းများဟာ အစိုးရဆန့်ကျင်ရေး အဖွဲ့အစည်းပေါင်းစုံ ခြေရှုပ်နေတဲ့ တစ်ဖက်နိုင်ငံအတွင်း အခြေစိုက်စခန်းများသာ ဖြစ်ပါတယ်။ **တကယ်တော့ ဒုက္ခသည်စခန်းဆိုတာ ကျွန်တော်တို့လို ဘာမှမသိနားမလည်ဘဲ ရွာတွေမှာရှိနေတဲ့ ကရင်တွေကို နည်းအမျိုးမျိုးနဲ့ နယ်စပ်ကို ရောက်အောင်လုပ်ပြီး ပြည်ပြေးနိုင်ငံရေးလုပ်စားသူတွေ၊ KNUအကြမ်းဖက်သောင်းကျန်းသူတွေ၊ အမည်အမျိုးမျိုး တပ်ထားတဲ့ အစိုးရဆန့်ကျင်ရေး အဖွဲ့အစည်းတွေပူးပေါင်းပြီး လုပ်စားနေတဲ့ ခေတ်သစ်စီးပွားရေးလုပ်ကွက်တစ်ခုသာ ဖြစ်ပါတယ်။** လူများများရှိမှလုပ်ကိုင် စားသောက်ရတာ အဆင်ပြေမှာမို့ နိုင်ငံရေးလုပ်စားသူလူလည်ကြီးများက အနောက်မီဒီယာတွေနဲ့ စည်းဝါးကိုက်ပြီး မြန်မာပြည်အတွင်းမှာ လူ့အခွင့်အရေးချိုးဖောက်နေတယ်။ ကျေးရွာတွေ ရွှေ့ပြောင်းတယ်ဆိုပြီး စွပ်စွဲချက်အမျိုးမျိုးနဲ့ ကျွန်တော်တို့လို အေးချမ်းစွာနေထိုင်နေတဲ့ ကရင်ပြည်သူများကိုနယ်စပ်ကိုရောက်ရှိအောင်လုပ်ခဲ့ကြပါတယ်။ နယ်စပ်ရောက်တော့ မြန်မာတိုင်းရင်းသား ကရင်ဒုက္ခသည်စခန်းဆိုတဲ့ နေရာတွေမှာ ကျွန်တော်တို့အနေနဲ့ ဆင်းရဲနွမ်းပါးမှု၊ ကြောက်ရွံ့မှုများနဲ့အတူ စိုးတထိတ်ထိတ်နေရပြီး တတိယနိုင်ငံ သွားလာခွင့်ဆိုတဲ့မျှော်လင့်ချက်နဲ့ ဘဝကို ပင်ပန်းဆင်းရဲစွာဖြတ်သန်းရုန်းကန်နေကြရတာ ကိုယ်တိုင်ခံစားရသူများသာ နားလည်နိုင်မယ်ထင်ပါတယ်။

အမှန်အတိုင်း ဝန်ခံရရင်တော့ နယ်စပ်ဒုက္ခသည်စခန်းတွေမှာ ကျွန်တော်တို့ ကရင်လူမျိုးတွေကို အသုံးချပြီး နိုင်ငံတကာမှ ငွေကြေးအထောက်အပံ့တွေ တောင်းခံနေကြတာကို ကရင်လူမျိုးတွေရဲ့ကိုယ်စား အလွန်ရှက်ရွံ့နာကြည်းမိပါတယ်။ ကရင်လူထုကောင်းစားရေး ကြွေးကြော်နေတဲ့ KNU ထိပ်ပိုင်း ခေါင်းဆောင်များကတော့ ဒုက္ခသည်စခန်းအတွက် ရရှိတဲ့ ထောက်ပံ့ငွေတွေနဲ့ တစ်ဖက်နိုင်ငံအတွင်း အခြေချနေထိုင်နေကြတာ လူတိုင်းသိပါတယ်။ ဒါ့အပြင် ဒုက္ခသည်စခန်းတွေကနေ ကရင်လူမျိုးများ အမိမြေကို ပြန်လည်ထွက်ခွာသွားမှာကို လက်နက်အားကိုးနဲ့ တားဆီးပိတ်ပင်နေကြပါတယ်။ အဆိုးဆုံးကတော့ အမည်ခံအဖွဲ့အစည်းအမျိုးမျိုးနဲ့ နိုင်ငံရေးလုပ်စားသူတွေက ဒုက္ခသည်များစခန်းအတွင်း နေထိုင်ခွင့်၊ တတိယနိုင်ငံသွားရောက်ခွင့်များနဲ့ ပတ်သက်ပြီး ကြေးစားလူမှောင်ခိုဆန်ဆန် ပြောင်ပြောင်တင်းတင်း လုပ်ကိုင်နေခြင်းပဲ ဖြစ်ပါတယ်။

လက်ရှိဒုက္ခသည်စခန်းတွေမှာ အမေရိကန်၊ ဩစတြေးလျ၊ ဗြိတိန်၊ နော်ဝေ၊ ကနေဒါနိုင်ငံများကို ဝင်ရောက်ခွင့်ရရှိရေးအတွက် အတုအယောင်ဒုက္ခသည်များတိုးပွားနေပြီး လိင်ကုန်ကူးမှု၊ မူးယစ်ဆေးဝါးမှောင်ခို ကုန်သွယ်မှုတွေ ပိုမိုဖြစ်ပွားနေပါတယ်။ မိသားစုလိုက် ပြောင်းရွှေ့လာသူတွေဟာ ဒုက္ခသည်များ နေရာချထားရေး အစီအစဉ်အရ အမိအဖ၊ ညီအစ်ကိုမောင်နှမများ တကွဲတပြားဖြစ်နေကြရပါတယ်။ မိသားစုဝင်တွေ ဘယ်အချိန် ဘယ်နေရာပြန်လည်ဆုံစည်းမည်ကို မသိနိုင်ဘဲ အခြားနိုင်ငံ၊ မရင်းနှီးတဲ့ ပတ်ဝန်းကျင်မှာ မျက်နှာငယ်စွာနဲ့ လုံခြုံမှုမရှိဘဲ စိတ်ပျက်အားငယ်စွာ အသက်ရှင်နေကြရပါတယ်။

အမိမြေသို့ပြန်လာချင်လည်း ပြန်လာလို့မရ။

မိသားစုအချင်းချင်း ဆက်သွယ်မှုလည်းလုပ်လို့မရ။

ဖိနှိပ်တဲ့ ကန့်သတ်ချက်တွေကြားမှာ နေ့စဉ်နှင့်အမျှ ဒုက္ခတွေ့နေကြရပါတယ်။

ဒီအချက်တွေကို ရောက်ဖူးတဲ့သူတိုင်းသိပါတယ်။

ရွာမှာတောင်ယာလုပ်ပြီး အေးအေးချမ်းချမ်းနေရတဲ့ဘဝ၊ နယ်စပ်ဒုက္ခသည်စခန်းရောက်မှ ဒုက္ခသည်အစစ်ဖြစ်ရတာ ဘယ်သူ့လက်ချက်ပါလဲ။

အနောက်အုပ်စုနဲ့ ပြည်ပမီဒီယာတွေက နိုင်ငံတော်အစိုးရကို လူ့အခွင့်အရေးချိုးဖောက်မှုကြောင့် ဒုက္ခသည်များဖြစ်ရတယ်လို့ ပုံဖော်လုပ်ကြံစွပ်စွဲနေကြပါတယ်။ တကယ်တော့ ဒီဒုက္ခသည်စခန်းပြဿနာဟာ မြန်မာနိုင်ငံရဲ့ ပြည်တွင်းနိုင်ငံရေး ပယောဂကြောင့်မဟုတ်ဘဲ ဒေါ်လာထောက်ပံ့ကြေးရလိုတဲ့ KNU နဲ့ နိုင်ငံရေးလုပ်စားသူများက အဓိကတရားခံဖြစ်ပါတယ်။

တစ်နည်းအားဖြင့်**နယ်စပ်ကဒုက္ခသည်စခန်းများဟာဒုက္ခရောက်နေတဲ့ ကရင်လူမျိုးတွေကို ကယ်တင်စောင့်ရှောက်ထားခြင်းမဟုတ်ဘဲ အေးချမ်းတည်ငြိမ်နေတဲ့ ကရင်မိသားစုများကို အသုံးချပြီး နိုင်ငံရေးလုပ်စားသူ ပြည်ပြေးသစ္စာဖောက်များရဲ့ လူသားချင်းစာနာမှုအမည်ခံ လူသားချင်းမညှာမတာ ခေါင်းပုံဖြတ်နေတဲ့ လုပ်ငန်းခွင်များသာ ဖြစ်ပါတယ်။**

နယ်စပ်မှာ ဒုက္ခသည်စခန်းတွေ ဆက်ရှိနေရင် လက်ခံထားတဲ့ နိုင်ငံအတွက် ပြဿနာများ တစ်ခုပြီးတစ်ခု ဆက်ဖြစ်နေပြီး အဲဒီဒုက္ခသည်စခန်းနေရာများဟာ ရာဇဝတ်မှုကျူးလွန်သူတွေ၊ ကြေးစားလူမှောင်ခိုကူးသူ တွေနဲ့ နိုင်ငံတကာက လုံးဝလက်မခံနိုင်တဲ့ အကြမ်းဖက်သမားများရဲ့ အခြေစိုက်စခန်းများ ဖြစ်နေပါတော့တယ်။

ကျွန်တော်တို့ ကရင်တိုင်းရင်းသားတွေ ထိုင်းနယ်စပ်မှာ ဒုက္ခသည်အဖြစ် အနေကြာလာတော့ ထိုင်းနိုင်ငံထဲမှာ ကျွန်တော်တို့ကို ဒုက္ခသည်လူမျိုးလို့ခေါ်ကြပါတယ်။ ကျွန်တော်ရှက်လိုက်တာဗျာ၊ ပြီးတော့ စိတ်ဆိုးလိုက်တာ။

ကမ္ဘာမှာ မရှိခဲ့ဖူးသေးတဲ့ ဒုက္ခသည်လူမျိုးဆိုတာ တကယ်ရှိတော့မှာလား။

ကရင်တိုင်းရင်းသားသာရှိပြီး ဒုက္ခသည်လူမျိုးမရှိဘူးဆိုတာ ဇွဲကပင်တောင်ကြီးက သိပါတယ်။

ကရင်ပြည်သူအများစုကတော့ ဒုက္ခသည်စခန်းများကို မသွားလိုဘဲ ကိုယ့်အရပ် ကိုယ့်ဒေသမှာပဲ အေးအေးဆေးဆေး နေထိုင်ချင်ပါတယ်။ နိုင်ငံခြားမှာသွားပြီး အလုပ်လုပ်၊ ပညာရှာမယ်ဆိုရင်လည်း မျက်နှာမငယ်ရတဲ့ တရားဝင်လမ်းကြောင်းကနေ သွားချင်ကြပါတယ်။ ကျွန်တော်တို့လို ပြည်တော်ပြန် ဒုက္ခသည်များရဲ့ မျှော်လင့်ချက်ကတော့ အခြားငြိမ်းချမ်းရေး ဒေသများလို နယ်စပ်ဒေသများမှာ ဂုဏ်သိက္ခာရှိရှိ ရပ်တည်နေထိုင်နိုင်တဲ့ ပတ်ဝန်းကျင်တစ်ခု ဖြစ်ပေါ်လာနိုင်ရေးပဲ ဖြစ်ပါတယ်။

ဒါကြောင့်မို့ ငြိမ်းချမ်းနေပြီဖြစ်တဲ့ ရွာကိုရောက်ရင် အမိုး၊ ညီမလေးတို့နဲ့အတူ ဇွဲကပင်တောင်ကြီး သက်သေပြုပြီး ကရင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဒုက္ခသည်စခန်းများ ပပျောက်စေရေးအတွက် ကျရာအခန်းကဏ္ဍမှ တာဝန်ကျေပွန်စွာ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ကတိသစ္စာပြုလိုက်ရပါတယ်ခင်ဗျား။ ။

> ရွာမှာ တောင်ယာလုပ်ပြီး အေးအေးချမ်းချမ်း နေရတဲ့ဘဝ၊ နယ်စပ်ဒုက္ခသည်စခန်းရောက်မှ ဒုက္ခသည်အစစ်ဖြစ်ရတာ ဘယ်သူ့လက်ချက်ပါလဲ။
> အနောက်အုပ်စုနဲ့ ပြည်ပမီဒီယာတွေက နိုင်ငံတော်အစိုးရကို လူ့အခွင့်အရေးချိုးဖောက်မှုကြောင့် ဒုက္ခသည်များဖြစ်ရတယ်လို့ ပုံဖော်လုပ်ကြံစွပ်စွဲ။
> ဒုက္ခသည်စခန်း ပြဿနာဟာ မြန်မာနိုင်ငံရဲ့ ပြည်တွင်းနိုင်ငံရေး ပယောဂကြောင့် မဟုတ်ဘဲ ဒေါ်လာထောက်ပံ့ကြေးရလိုတဲ့ KNU နဲ့ နိုင်ငံရေး လုပ်စားသူများက အဓိကတရားခံဖြစ်။

နေရာကွက်ကျား ထစ်ချုန်းရွာနိုင်သောမိုးကြောင့် နှမ်းစပါးအပါအဝင် သီးနှံများ ပျက်စီးလေလွင့်မှုမရှိစေရန်

နှိုးဆော်ချက်ထုတ်ပြန်

ယခုရက်ပိုင်းအတွင်း မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည့် အခြေအနေများ ဖြစ်ပေါ်လျက်ရှိပါသည်။ သို့ပါ၍ ရိတ်သိမ်း ဆဲ၊ ရိတ်သိမ်းပြီး နှမ်းစပါးများကို လေလွင့်ဆုံးရှုံးမှု မရှိစေရန်အတွက် အောက်ပါအချက်များကို ဂရုပြု လိုက်နာဆောင်ရွက်ကြပါရန် နှိုးဆော်ပါသည်-

(၁) မိုးရွာသွန်းနေစဉ် လုံးဝ စပါးမရိတ်သိမ်းပါနှင့်။
(၂) ရိတ်သိမ်းဆဲ နှမ်းစပါးများကို ကောက်ပုံများမပြုလုပ်ဘဲ ကောက်လှိုင်းများအား မိုးရေလျှောပုံပါ။
(၃) ရိတ်သိမ်းပြီးကောက်လှိုင်းများ ရွှေ့ပြောင်းရန် အချိန်မမီပါက ပလတ်စတစ် စသည့် အမိုးအကာများနှင့် ဖုံးအုပ်ထားပါ။
(၄) မိုးမိသည့် ကောက်ပြတ်များကို မိုးပြတ်လျှင်ပြတ်ချင်း နေလှန်းပါ။
(၅) တလင်းပျောက်စနစ်ဖြင့် စက်စွမ်းအားအသုံးပြုပြီး ရိတ်ခြွေအခြောက်ခံပါ။
(၆) တောင်သူလယ်သမားများအနေဖြင့် စိုက်ပျိုးဖြစ်ထွန်းနေသောသီးနှံများ၊ စိုက်ခင်းများ ပိုးမွှားရောဂါ ကျရောက်ဖျက်ဆီးမှုမရှိအောင် ဂရုပြုစစ်ဆေးပြီး ကာကွယ်နှိမ်နင်းရန် လိုအပ်ပါက လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနလက်အောက်ရှိ ရုံးဌာနများ၊ တိုင်း၊ ခရိုင်၊ မြို့နယ် စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့များနှင့် ညှိနှိုင်းဆက်သွယ်ဆောင်ရွက်၍ အကူအညီများ ရယူဆောင်ရွက်ပါ။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၁-၃-၂၀၀၉ (စနေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၈း၀၅ ၅။ အကပြိုင်ပွဲ
၈း၁၅ ၆။ (၆၄)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၈း၃၀ ၇။ International News
၈း၄၀ ၈။ **"ကြားညှပ်သီးနှံဝဥပင်"**
၈း၄၅ ၉။ **"ချောင်းကမ်းဘေးက ရွာကလေး" (တြီကို၊ထင်ပေါ်၊နွဲ့နွဲ့စန်း၊ မြင့်မြင့်ခိုင်၊သဇင်) [ဒါရိုက်တာ-မြင့်စိုး(ဝ/သ)]**
၈း၅၀ ၁၀။ တေးဂီတအစီအစဉ်
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၀ ၂။ (၆၄)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၁၁း၂၅ ၃။ တစ်ပတ်အတွင်းရုပ်မြင်သံကြားပြည်တွင်းသတင်း
၁း၁၀ ၄။ Yan Can Cook
၁း၃၅ ၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အားကိုးချစ်သူကျေးတောသူ" (အပိုင်း-၃၂)**
၂း၂၅ ၆။ ဆန်းကြယ်ထူးခြားပြိုင်ပွဲများ (Telematch)
၃း၀၀ ၇။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၄း၂၀ ၃။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
၄း၃၀ ၄။ အတီးပြိုင်ပွဲ
၄း၅၀ ၅။ တပ်မတော်နေ့ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲဆုရတေးများ
၅း၀၀ ၆။ **အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ် (ဓာတုဗေဒ အထူးပြု) (ဓာတုဗေဒ)**
၅း၁၅ ၇။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅း၃၀ ၈။ **"အမျိုးနှင့်မျိုး" [နေမျိုးအောင်၊ မိုးပြည့်ပြည့်မောင်၊ဧရာ၊ ဝင်းနိုင်(အနုပညာ)] [ဒါရိုက်တာ-ဖုန်းမြင့်အောင်]**
၅း၃၅ ၉။ တေးဂီတအစီအစဉ်
၅း၄၅ ၁၀။ မြန်မာ့ဓလေ့ရိုးရာလက်ဖွဲ့
၅း၅၅ ၁၁။ (၆၄)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၆း၀၀ ၁၂။ ညနေခင်းသတင်း
၆း၃၀ ၁၃။ မိုးလေဝသအခြေအနေ
၆း၃၅ ၁၄။ **"သားကောင်းမိခင်" (ဇာတ်သိမ်းပိုင်း) (လွင်မိုး၊နေတိုး၊ဇင်ဝိုင်း၊ ထွန်းထွန်း(Examplez)၊ စိုးမြတ်သူဇာ၊မေသဥ္ဇာဦး၊ ပန်းဖြူ၊သက်မွန်မြင့်၊ပုလဲဝင်း) [ဒါရိုက်တာ-ပန်းချီစိုးမိုး]**
၈း၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ကြမ္မာမုန်တိုင်း" (အပိုင်း-၂၀)**
၁၉။ အစီအစဉ်ပြီး၏။

နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီး သိန်းစိန် စင်ကာပူအမျိုးသား တက္ကသိုလ်ရှိ ဗဟိုလေ့လာဆန်းစစ်ရေးဌာန၌ ငြိုဟ်တုသတင်း အချက်အလက်များ ဖမ်းယူနေမှုကို ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ စင်ကာပူမြို့၌ လှည့်လည်ကြည့်ရှုလေ့လာ

နေပြည်တော် မတ် ၂၀

စင်ကာပူသမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိနေသည့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် မတ် ၁၈ရက် နံနက်ပိုင်းတွင် စင်ကာပူမြို့ရှိ အမျိုးသားသစ်ခွဥယျာဉ်၊ Singapore Civil Defence Force (SCDF) နှင့် စင်ကာပူအမျိုးသားတက္ကသိုလ်ရှိ ဗဟိုလေ့လာဆန်းစစ်ရေးဌာနတို့သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် စင်ကာပူသမ္မတနိုင်ငံ အလုပ်သမားဝန်ကြီးဌာန ခေတ္တဝန်ကြီး H.E. Mr. Gan Kim Yong နှင့် မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Robert Chua Hian Kong တို့ လိုက်ပါလျက် စင်ကာပူမြို့ရှိ အမျိုးသားသစ်ခွဥယျာဉ်သို့ ရောက်ရှိကြပြီး နိုင်ငံတော်ဝန်ကြီးချုပ်က သစ်ခွဥယျာဉ်၌ သစ်ခွပင်ကို စိုက်ပျိုးပေးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် အမျိုးသားသစ်ခွဥယျာဉ် ဧည့်သည်တော်မှတ်တမ်း၌ လက်မှတ်ရေးထိုးပြီး အမျိုးသားသစ်ခွဥယျာဉ်အတွင်းရှိ နိုင်ငံတကာ သစ်ခွမျိုးစုံ စိုက်ပျိုးထားရှိမှုနှင့် သစ်ခွများ ဖြစ်ထွန်း အောင်မြင်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှု လေ့လာကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် Singapore Civil Defence Force (SCDF)သို့ သွားရောက်လေ့လာကြရာ SCDF Commission James Tan က အရေးပေါ် အသက်ကယ်ဆယ်ရေးလုပ်ငန်းများနှင့် စပ်လျဉ်းသည့် ဗီဒီယိုပြကွက်များကို ရှင်းလင်းပြသသည်။

ဗီဒီယိုဆလိုက်ဖြင့် ရှင်းလင်း

ယင်းနောက် SCDF သင်တန်းဌာန ညွှန်ကြားရေးမှူး Mr. Yazid Abdullah က ရေယာဉ်၊ လေယာဉ်နှင့် သဘာဝဘေးများဆိုင်ရာ အရေးပေါ် ကယ်ဆယ်ရေးဆောင်ရွက်မှု၊ မသင်္ကာဖွယ်ရာ ပေါက်ကွဲစေတတ်သောပစ္စည်းများ ထိန်းသိမ်းဆောင်ရွက်မှု၊ Civil Defence Academy သင်တန်းများတွင် သင်ကြားမှုအခြေအနေ၊ အကြမ်းဖက်တိုက်ခိုက်မှုများကို ကယ်ဆယ်ရေးဆောင်ရွက်ပုံ၊ ဇီဝပိုးမွှားများ အကာအကွယ်ပစ္စည်းအသုံးပြု ဆောင်ရွက်ပုံနှင့် ပြည်သူများ၏ အသက်လုံခြုံရေးအတွက် အဓိကထားဆောင်ရွက်နေမှု အခြေအနေများကို ဗီဒီယိုဆလိုက်ဖြင့် ရှင်းလင်းသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များက သိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ သက်ဆိုင်ရာ တာဝန်ရှိသူတို့က ပြန်လည်ဖြေကြားကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် SCDF မှ ကယ်ဆယ်ရေးလုပ်ငန်းသုံး Harmat Control Vehicle ယာဉ်၊ Light Fire Attack Vehicle မီးသတ်အသက်ကယ်ယာဉ်၊ Station with Immediate First Aid Treatment အသက်ကယ် ရှေးဦးပြုစုယာဉ်၊ Personal Decontamination Vehicle အသက်ကယ် ရှေးဦးပြုစုယာဉ်ကြီးများနှင့် ကယ်ဆယ်ရေးပစ္စည်းများ လက်တွေ့အသုံးချနေမှု၊ သရုပ်ဖော်ပြသမှုတို့ကို လှည့်လည် ကြည့်ရှုလေ့လာကြသည်။

နှုတ်ခွန်းဆက်စကားပြောကြား

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးအဖွဲ့ဝင်များသည် မွန်းလွဲ ၁ နာရီ ၁၀ မိနစ်တွင် စင်ကာပူအမျိုးသားတက္ကသိုလ်ရှိ ဗဟိုလေ့လာဆန်းစစ်ရေးဌာနသို့ သွားရောက်လေ့လာ ကြည့်ရှုကြရာ Board Room ၌ အမျိုးသားတက္ကသိုလ်ကျောင်းအုပ်ကြီး Tan Eng Chye က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် ဗဟိုလေ့လာဆန်းစစ်ရေးဌာန ညွှန်ကြားရေးမှူး Mr. Kwoh Leong Keong က ဂြိုဟ်တုမှ ကမ္ဘာပတ်လမ်းတွင် သတင်းအချက်အလက်များ ပေးပို့နိုင်မှု၊ ဆူနာမီနှင့် နာဂစ်မုန်တိုင်းတို့ ဖြစ်ပေါ်ခဲ့မှုအခြေအနေကို မှတ်တမ်းတင် သုတေသနပြုမှုအခြေအနေတို့ကို ဗီဒီယိုဆလိုက်ဖြင့် ရှင်းလင်းတင်ပြသည်။

လေ့လာကြည့်ရှု

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ရန်ကုန်မြို့အား ဂြိုဟ်တုမှ ဖမ်းယူရိုက်ကူးထားသည့် ဓာတ်ပုံကို ဖဲလိုက်ကာ ဖွင့်ပေးပြီး အဆိုပါဂြိုဟ်တုဓာတ်ပုံကို လေ့လာကြည့်ရှုသည်။

ထို့နောက် ဂြိုဟ်တုထိန်းချုပ်ရေးစက်ခန်းမှ ဂြိုဟ်တုသတင်းအချက်အလက်များ ဖမ်းယူနေမှုကို လေ့လာကြည့်ရှုပြီး ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများအား နှုတ်ဆက်သည်။

(သတင်းစဉ်)

မဟာစည်သာသနာ့ရိပ်သာ မဟာစည်ဓမ္မပိမာန်တော်ကြီးဖွင့်ပွဲနှင့် ရေစက်ချမင်္ဂလာအခမ်းအနားကျင်းပ

ရန်ကုန် မတ် ၂၀

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့ နံနက် ၇ နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ မဟာစည်သာသနာ့ရိပ်သာ မဟာစည်ဓမ္မပိမာန်တော်ကြီးဖွင့်ပွဲနှင့် ရေစက်ချမင်္ဂလာအခမ်းအနားတို့သို့ တက်ရောက်၍ မဟာစည်ဓမ္မပိမာန်တော်ကြီးကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်ဇနီးဒေါ်ခင်သက်ဌေး၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ ထို့နောက် မင်္ဂလာအချိန်တွင် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူး၊ ဝန်ကြီးနှင့် အလှူရှင်တို့က မဟာစည်ဓမ္မပိမာန်တော်ကြီးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ နံနက် ၈ နာရီခွဲတွင် မဟာစည်ဓမ္မပိမာန်တော်ကြီးခန်းမဆောင်၌ ရေစက်ချမင်္ဂလာအခမ်းအနားကို ကျင်းပရာ နိုင်ငံတော်ဩဝါဒစရိယ မဟာစည်နာယက သရက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကေသရထံမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် ဇနီး၊ တိုင်းမှူး၊ ဝန်ကြီးနှင့် ပရိသတ်တို့က ရှစ်ပါးသီလခံယူ ဆောက်တည်ကြသည်။

ဆက်လက်၍သာသနာရေးဝန်ကြီးဌာန ဝန်ကြီးက သာသနာရေးဆိုင်ရာများကို လျှောက်ထားပြီး ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့်ဇနီး၊ ဝန်ကြီးနှင့် အလှူရှင်တို့က ဆရာတော်၊သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဗုဒ္ဓသာသနာ နုဂ္ဂဟအဖွဲ့ချုပ်ဥက္ကဋ္ဌက မဟာစည်ဓမ္မပိမာန်တော်ကြီး တည်ဆောက်လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍လည်းကောင်း၊ အလှူရှင်များကိုယ်စား မတည်အလှူရှင်က ဝမ်းမြောက်စွာ လှူဒါန်းရခြင်းအကြောင်းကို လည်းကောင်း လျှောက်ထားကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်ဇနီး၊ ဝန်ကြီးနှင့် ပရိသတ်တို့က ရေစက်ချ အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ ရန်ကုန်မြို့ လမ်းသစ်ဆိပ်ကမ်းတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်းအတွင်းရှိ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဝန်ထမ်းများအား ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တွေ့ဆုံမှာကြား

ရန်ကုန် မတ် ၂၀

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယမန်နေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ရန်ကုန်တိုင်းအတွင်းရှိ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဝန်ထမ်းများအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန်၊ ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှူး၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် တိုင်းမှူး၊ ဒုတိယမြို့တော်ဝန်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် ညနေ ၄ နာရီတွင် ရန်ကုန်မြို့ ဆိပ်ကမ်းမြို့နယ်ရှိ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဗိုလ်တထောင်ဆိပ်ကမ်း ရှင်းလင်းဆောင်သို့ ရောက်ရှိရာ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူးက ဆိပ်ကမ်းနယ်မြေ သန့်ရှင်းသာယာလှပရေးနှင့် စည်းကမ်းထိန်းသိမ်းရေး လုပ်ငန်းကော်မတီမှ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းပြသပြီး တိုင်းမှူးနှင့် ဒုတိယမြို့တော်ဝန်တို့က ဖြည့်စွက် တင်ပြကြကာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူး၊ ဒုတိယမြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် ဗိုလ်တထောင်ဆိပ်ကမ်း၊ လမ်းမတော်ဆိပ်ကမ်း(၁)၊ (၂)၊ ဘုန်းကြီးလမ်းဆိပ်ကမ်း၊ လှည်းတန်းဆိပ်ကမ်း၊ လမ်းသစ်ဆိပ်ကမ်းနှင့် ဝါးတန်းဆိပ်ကမ်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လိုအပ်သည်များကို မှာကြားသွားသည်။

(သတင်းစဉ်)

(၆၄)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တည်ဆောက်ရာတွင် ချမှတ်ထားသည့် မူဝါဒလမ်းစဉ် (၇)ရပ် ပြီးမြောက်အောင်မြင်စေရေးအတွက် တိုင်းရင်းသားပြည်သူများနှင့်အတူ လက်တွဲကြိုးပမ်း ဆောင်ရွက်ရေး။

၂။ ဒို့တာဝန် အရေးသုံးပါးကို အမျိုးသားရေးမူဝါဒအဖြစ် ခံယူပြီး အသက်ပေး၍ ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရေး။

၃။ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်း၊ ပြည်ပ အဖျက်သမားများကို တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲချေမှုန်းရေး။

၄။ နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် ပိုင်နက် လုံခြုံရေးကို ကာကွယ်စောင့်ရှောက်ရန် အင်အား တောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီ မျိုးချစ်တပ်မတော် တည်ဆောက်ရေး။

○ ရွှေဖုံးမှ

အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်းက ထုတ်လုပ်သည့် ထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသထားမှုကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် စက်ရုံရှင်းလင်းဆောင်ခန်းမ၌ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းက စက်ရုံတည်နေရာ၊ စက်ရုံသမိုင်းကြောင်း၊ စက်ပစ္စည်းများ တင်သွင်းမှု၊ စက်ရုံစတင်တည်ဆောက်ခဲ့မှုနှင့် တည်ဆောက်ပြီးစီးမှု၊ စက်များ စမ်းသပ်လည်ပတ်ခဲ့မှု၊ စက်ရုံတည်ဆောက်ရခြင်း၏ ရည်ရွယ်ချက်၊ စက်ရုံမှ တစ်မျိုးသားလုံး လိုအပ်ချက်အပေါ် ဖြည့်ဆည်းပေးနိုင်မှုအခြေအနေ၊ စက်ရုံအတွက် ကုန်ကြမ်းလိုအပ်ချက်၊ ငွေချည်(၆) ချည်မျှင်ရှည်ဝါ၏ အရည်အသွေးပြည့်မီမှု၊ စက်ရုံ၏ ထုတ်လုပ်နိုင်မှုစွမ်းအား၊ ထုတ်ကုန်ပစ္စည်းများ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ဝန်ထမ်းအင်အားအခြေအနေတို့ကို ဗီဒီယိုဆလိုက်ဖြင့် ရှင်းလင်းတင်ပြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် မြန်မာ့အထည်အလိပ်လုပ်ငန်းမှ ထုတ်လုပ်သည့် ထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသထားမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

အမျိုးအစားကောင်းသည့်ဝါကို ပြည်တွင်း၌ပင် စိုက်ပျိုးထုတ်လုပ်နိုင်ပြီဖြစ်သည့်အပြင် ယခုကဲ့သို့ ချည်မျှင်စက်ရုံများကိုပါ တည်ထောင်ပေးခဲ့ခြင်းကြောင့် ဝတ်ရေးအတွက်လည်း ပြည့်စုံဖူလုံမှုရှိတော့မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး နိုင်ငံတော်အကြီးအကဲ၏ စက်ရုံများဆိုင်ရာ လမ်းညွှန်ချက်ဖြစ်သော စက်စွမ်းအားပြည့်ထုတ်လုပ်ရေး၊ ထုတ်လုပ်မှုကုန်ကျစရိတ် နည်းပါးရေး၊ Operation Ratio တွင် ဝင်ငွေများများရရှိပြီး သုံးစွဲငွေနည်းပါးရေး၊ ခြိုးခြံချွေတာရေး၊ အရည်အသွေးကောင်းမွန်ရန် စစ်ဆေးကြပ်မတ်ရေး စသည့် လမ်းညွှန်ချက်များကို တိတိကျကျ လိုက်နာပြီး ကြိုးပမ်းဆောင်ရွက်ကြရန်၊ မီးဘေး လုံခြုံရေးစီမံချက် စနစ်တကျရေးဆွဲပြီး ဇာတ်တိုက်လေ့ကျင့် ဆောင်ရွက်သွားရန်၊ စက်ရုံလုံခြုံမှုအတွက် ဝန်ထမ်းတိုင်း လုံခြုံရေးအသိရှိရေး ပညာပေး ဆောင်ရွက်သွားရန်တို့ကို အသေးစိတ်မှာကြားသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် မြန်မာ့အထည်အလိပ်လုပ်ငန်း ချည်မျှင်စက်ရုံ(ပျော်ဘွယ်) စက်ရုံတွင် စက်များ လည်ပတ်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အသေးစိတ်မှာကြား

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က တင်ပြချက်များနှင့် စပ်လျဉ်း၍ လူတစ်ဦးချင်းစီ၏ အဓိကလိုအပ်ချက်သည် စားရေး၊ နေရေးနှင့် ဝတ်ရေးဖြစ်၍ မိမိတို့နိုင်ငံတွင် စားရေးအတွက် ပြည့်စုံပိုလျှံမှုရှိနေပြီဖြစ်ကြောင်း၊ သင့်တင့် မျှတသော ရာသီဥတုရှိသည့်အပြင် သဘာဝသယံဇာတများဖြစ်သည့် သစ်၊ ဝါးများ ထွက်ရှိပြီး အဆောက်အအုံဆောက်လုပ်ရန် လိုအပ်သော အုတ်၊ သဲ၊ ကျောက်၊ ဘိလပ်မြေ စသည်တို့လည်း မိမိတို့ပြည်တွင်း၌ပင် ရရှိနေသဖြင့် နေရေးအတွက်လည်း ပူပင်စရာမရှိကြောင်း၊ ဝတ်ရေးအတွက် ယခင်က ပြည်တွင်း၌ ဝါဂွမ်း လုံလုံလောက်လောက် မထွက်ရှိသဖြင့် ပြည်ပမှပင် သွင်းယူခဲ့ရကြောင်း၊ ယခုအခါ ငွေချည်(၆)ကဲ့သို့

ထို့နောက် စက်ရုံအတွက် စက်ပစ္စည်းများတင်သွင်းသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Tianjin Universal Machinery Import & Export Corporation (TUMIEC) မှ Advisor, Mr. Ding က နိုင်ငံတော်ဝန်ကြီးချုပ်အား စက်ရုံဖွင့်ပွဲ အထိမ်းအမှတ်လက်ဆောင်ကို ဂါရဝပြု ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပညာရှင်များအား သစ်သီးခြင်း လက်ဆောင်ပေးအပ်သည်။

မှတ်တမ်းတင်ဓာတ်ပုံ

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပညာရှင်များသည် စက်ရုံဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပညာရှင်များအား သစ်သီးခြင်းလက်ဆောင် ပေးအပ်စဉ်။(သတင်းစဉ်)

အဆိုပါ ချည်မျှင်စက်ရုံ(ပျော်ဘွယ်)ကို နိုင်ငံတော်က ငွေကျပ် ၇၂၂၃ ဒသမ ၀၈၀ သန်းနှင့် နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ ၉ ဒသမ ၈ သန်း စုစုပေါင်း ငွေကျပ် ၇၂၈၈ ဒသမ ၇၄၀ သန်း အကုန်အကျခံကာ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

စက်ရုံမှတစ်နှစ်လျှင် ၁/၃၂ ချည်ပေါင် ၃ ဒသမ ၄၅၅ သန်း၊ ၁/၂၀ ချည်(ရစ်တိုင်မဲ့)ပေါင် ၀ ဒသမ ၅၇၇ သန်းနှင့် ၁/၃၂ ဘီးဖြီးချည်ပေါင် ၁ ဒသမ ၄၄၀ သန်း စုစုပေါင်းချည်ပေါင် ၅ ဒသမ ၄၇၂ သန်း ထုတ်လုပ်နိုင်မည်ဖြစ်သည်။ စက်ရုံရှိ ဗိုင်းတောင့်စက်များနှင့် အပင်ပေါင်းစက်များတွင် Auto Leveller ခေါ် အလိုအလျောက် ချိန်ညှိစက်များ တပ်ဆင်ထားသဖြင့် ချည်လုံးညီညာမှု (Yarn Eveness) ပိုမိုကောင်းမွန်ကြောင်းသိရှိရသည်။ ယခုအချိန်တွင် စက်ရုံမှ ၁/၃၂ ဝါချည်၊ ၁/၃၂ နှင့် ၁/၄၀ ဘီးဖြီးဝါချည်၊ ၁/၁၀ နှင့် ၁/၂၀ OE ဝါချည်တို့ကို ထုတ်လုပ်လျက်ရှိသည်။

ထို့အပြင် စက်ရုံမှဝယ်ယူရရှိသည့် ငွေချည်(၆) ချည်မျှင်ရှည်ဝါများမှာ အရည်အသွေးကောင်းမွန်သဖြင့် ၁/၆၀ ချည်အထိ စမ်းသပ်ထုတ်လုပ်နိုင်ပြီဖြစ်သည်။ နောင်တွင် ၁/၈၀ နှင့် ၁/၁၀၀ ချည်များအထိ တိုးမြှင့်ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

Temasek Poly seminar ကျင်းပမည်

ရန်ကုန် မတ် ၂၀

Shine Universal Services က ကြီးမှူး၍ Temasek Poly seminar ကို ဧပြီ ၄ ရက်တွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ဗိုလ်ရာညွှန့်လမ်း အမှတ်(၁၈၊၄၀) ပထမထပ်၌ ကျင်းပမည်ဖြစ်ရာ အသေးစိတ် သိရှိလိုပါက ဖုန်း-၃၉၃၀၄၁၊ ၃၉၃၁၄၀၊ ၀၉၅၁၉၁၈၀၂ တို့သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ့အထည်အလိပ်လုပ်... ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဦးခိုင်... မြန်မာ့အထည်အလိပ်လုပ်ငန်း ချည်...

နှစ်မြှောက်
နေ့ ဦးတည်ချက်

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်
ချမှတ်ထားသည့် မူဝါဒလမ်းစဉ် (၇) ရပ်
စရေးအတွက် တိုင်းရင်းသားပြည်သူ
ကြိုးပမ်း ဆောင်ရွက်ရေး။
ကို အမျိုးသားရေးမူဝါဒအဖြစ် ခံယူပြီး
းသိမ်းကာကွယ် စောင့်ရှောက်ရေး။
အးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို
ဟ ပြည်တွင်း၊ ပြည်ပ အဖျက်သမား
းပြည်သူတို့နှင့်အတူ လက်တွဲချေမှုန်း

ခြားအာဏာနှင့် ပိုင်နက် လုံခြုံရေးကို
နှ် အင်အား တောင့်တင်းပြီး စွမ်းရည်
မီ မျိုးချစ်တပ်မတော် တည်ဆောက်

နိုင်ငံတကာတွင် စီးပွားရေးအကျပ်အတည်းများနှင့် ကြုံတွေ့နေရသော်လည်း မိမိတို့နိုင်ငံတွင် ဆန်စပါးပြည့်စုံလုံလောက်စွာရှိ နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့်တပ်မတော်တို့၏ ပူးပေါင်းဆောင်ရွက်မှုစွမ်းအားများကြောင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်တည်ငြိမ်အေးချမ်း

နေပြည်တော် မတ် ၂၀

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် မတ် ၁၈ ရက် မွန်းတည့် ၁၂ နာရီတွင် စင်ကာပူသမ္မတနိုင်ငံ စင်ကာပူမြို့ရှိ မြန်မာနိုင်ငံသံရုံးသို့ သွားရောက်ပြီး သံအမတ်ကြီးနှင့် ဇနီး၊ သံရုံးဝန်ထမ်းများနှင့် မိသားစုများအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များနှင့်အတူ မြန်မာနိုင်ငံသံရုံးသို့ ရောက်ရှိရာ သံအမတ်ကြီး ဦးဝင်းမြင့်၊ ဇနီးဒေါ်ခင်ဝင်းမြင့်နှင့် ဝန်ထမ်းမိသားစုများက ကြိုဆိုနှုတ်ဆက်ကြပြီး သံရုံးဧည့်ခန်းမ၌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား သံအမတ်ကြီးနှင့် ဇနီး၊ ဝန်ထမ်းများ မိသားစုများက ဂါရဝပြုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က မြန်မာနိုင်ငံ၏ နိုင်ငံရေး ဖြစ်ပေါ်တိုးတက်မှုများ၊ ကမ္ဘာ့ငွေကြေးပြဿနာကြောင့် နိုင်ငံတကာတွင် စီးပွားရေးအကျပ်အတည်းများနှင့် ကြုံတွေ့နေရသော်လည်း မိမိတို့နိုင်ငံတွင် ဆန်စပါး ပြည့်စုံလုံလောက်စွာရှိပြီး ပဲနှင့် ဆီထွက်သီးနှံများလည်း အထွက်နှုန်းများ ကောင်းလျက်ရှိ၍ စားရေးအတွက် ပူပင်ကြောင့်ကြမရှိရမှု အခြေအနေ၊ မူဝါဒလမ်းစဉ်(၇)ရပ်ကို တစ်ဆင့်ပြီးတစ်ဆင့် အောင်မြင်စွာဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ စတုတ္ထအဆင့်ဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို အတည်ပြုနိုင်ခဲ့ပြီးဖြစ်၍ ကျန်ရှိသော လုပ်ငန်းရပ်များကိုလည်း အောင်မြင်အောင် ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်သွားမည့်အခြေအနေ၊ နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့၏ ပူးပေါင်းဆောင်ရွက်မှု စွမ်းအားများကြောင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုများနှင့် တည်ငြိမ်အေးချမ်းမှုအခြေအနေများကို အသေးစိတ်ပြောကြားပြီး သံရုံးဝန်ထမ်းများသည် သက်ဆိုင်ရာနိုင်ငံ၏ စည်းမျဉ်း၊ စည်းကမ်းနှင့် ဥပဒေများကို လေးစားလိုက်နာပြီး သံတမန် စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ကျင့်ကြံဆောင်ရွက်ရေး၊ နှစ်နိုင်ငံအကျိုးဖြစ်ထွန်းစေမည့် လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရင်း နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မာရေးအတွက် အလေးဂရုပြု ဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် သံရုံးဝန်ထမ်းများနှင့် မိသားစုများအား လက်ဆောင်ပစ္စည်းများ ပေးအပ်ကာ ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များအား သံအမတ်ကြီးက ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် မြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာရန် မြန်မာနိုင်ငံသံရုံးမှ အထူးယာဉ်တန်းဖြင့် ချန်ဂီလေဆိပ်သို့ မွန်းလွဲ ၁ နာရီတွင် ရောက်ရှိကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များအား စင်ကာပူသမ္မတနိုင်ငံ အလုပ်သမားဝန်ကြီးဌာန ခေတ္တဝန်ကြီး H.E. Mr. Gan Kim Yong နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Robert Chua Hian Kong ၊ စင်ကာပူသမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးဝင်းမြင့်နှင့် သံရုံးမိသားစုများ၊ တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များသည် စင်ကာပူသမ္မတနိုင်ငံ ချန်ဂီလေဆိပ်မှ အထူးလေယာဉ်ဖြင့် ထွက်ခွာခဲ့ကြရာ ညနေ ၄ နာရီတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်၏ ချစ်ကြည်ရေးခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါလာသော စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် တင်နိုင်သိန်းအား Singapore Indian Chamber of Commerce and Industry (SCCI) ဥက္ကဋ္ဌ Mr. Vijay Iyergar ဦးဆောင်သည့် စင်ကာပူသမ္မတနိုင်ငံ အိန္ဒိယနွယ်ဖွား ကုန်သည်များသည် မတ် ၁၇ ရက် ည ၈နာရီခွဲတွင် Marina Mandarin ဟိုတယ် ဧည့်ခန်းသို့ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ဝန်ကြီး ဗိုလ်မှူးချုပ် တင်နိုင်သိန်းနှင့် အတူ ကုန်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးဦး တက်ရောက်ပြီး ပဲမျိုးစုံနှင့် သစ်ဝယ်ယူရေး ကိစ္စရပ်များ၊ ငွေပေးငွေယူဆိုင်ရာ ကိစ္စရပ်များ၊ ပဲမျိုးစုံနှင့် ဆန်ဝယ်ယူရာတွင် လိုအပ်သောအရေးအတွက် ရရှိရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြခဲ့ကြောင်း သိရှိရသည်။

အလားတူ အဖွဲ့ဝင်အဖြစ် လိုက်ပါခဲ့သော သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် မတ် ၁၆ရက် ညနေ ၆နာရီတွင် ခေတ္တတည်းခိုသည့် Borobudur Hotel ၌ အင်ဒိုနီးရှားသမ္မတနိုင်ငံ သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး Dr.Boen M.Purnama ၊ ညွှန်ကြားရေးမှူးချုပ် Dr.Ir Tachrir Fathori၊ ဝန်ကြီး၏ အကြံပေး Dr. Hadi S. Pasaribu နှင့် ဒုတိယညွှန်ကြားရေးမှူး Mr.Mochammad As' ari တို့အား လက်ခံတွေ့ဆုံ ဆွေးနွေးခဲ့သည်။

ထိုသို့ဆွေးနွေးရာ၌ မြန်မာနိုင်ငံ၏ သစ်တောကဏ္ဍ ဆောင်ရွက်ချက်များ၊ ကျွန်းနှင့်သစ်မာ တင်ပို့နေမှုကိစ္စများ၊ နှစ်နိုင်ငံ အပြန်အလှန် နည်းပညာဖလှယ်ရေးကိစ္စများ၊ ကျွန်းစိုက်ခင်း နည်းပညာဖလှယ်ရေးကိစ္စများ၊သစ်တောဆိုင်ရာအစိုးရ၊ ပုဂ္ဂလိကပညာရှင်များ အပြန်အလှန် စေလွှတ်ရေး ကိစ္စများနှင့် သစ်အချောထည်ထုတ်လုပ်ရေး နည်းပညာဖလှယ်ရေးကိစ္စများ၊ ၁၉၉၄ ခုနှစ်တွင် အင်ဒိုနီးရှား-မြန်မာ ရေးထိုးခဲ့သော MoU ကို ဆက်လက် အကောင်အထည်ဖော်ရေး၊ သစ်တောဆိုင်ရာ တက္ကသိုလ်နှင့် သင်တန်းကျောင်းများ အပြန်အလှန် ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြောင်း သိရှိရသည်။

ထို့အတူ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ဥက္ကဋ္ဌ ဦးဝင်းမြင့် ခေါင်းဆောင်သော မြန်မာစီးပွားရေးလုပ်ငန်းရှင် ၁၁ ဦးနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ကုန်သွယ်ရေးညွှန်ကြားမှု ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးဦးတို့သည် စင်ကာပူသမ္မတနိုင်ငံ Singapore International Chamber of Commerce(SICC) မှ Chief Executive, Mr.Phillip Overmyer ခေါင်းဆောင်သည့် စင်ကာပူသမ္မတနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များနှင့် မတ် ၁၇ ရက် မွန်းလွဲ ၂ နာရီတွင် စင်ကာပူမြို့ရှိ SICC ရုံး၌ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံဆွေးနွေးပွဲ၌ မြန်မာစီးပွားရေးလုပ်ငန်းရှင်များက လုပ်ငန်းနယ်ပယ်နှင့်စပ်လျဉ်း၍ ရင်းနှီးမြှုပ်နှံနိုင်မည့် အခွင့်အလမ်းများနှင့် ကုန်သွယ်မှုပြုလုပ်လိုသည့် ကုန်ပစ္စည်းများကို ရှင်းလင်းပြောကြားကြပြီး စင်ကာပူစီးပွားရေးလုပ်ငန်းရှင်များက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြကြောင်း သိရှိရသည်။

UMFCCI ဥက္ကဋ္ဌ ဦးဝင်းမြင့် ခေါင်းဆောင်သော မြန်မာစီးပွားရေးလုပ်ငန်းရှင် ၁၁ ဦးတို့သည် မတ် ၁၇ ရက် မွန်းလွဲ ၂ နာရီခွဲတွင် စင်ကာပူသမ္မတနိုင်ငံ Singapore Indian Chamber of Commerce and Industry ဥက္ကဋ္ဌ Mr. Vijay Iyergar ခေါင်းဆောင်သော စင်ကာပူသမ္မတနိုင်ငံ အိန္ဒိယနွယ်ဖွားစီးပွားရေးလုပ်ငန်းရှင်များနှင့် လည်းကောင်း၊ ညနေ ၃နာရီခွဲတွင် စင်ကာပူသမ္မတနိုင်ငံ Singapore Chinese Chamber of Cammerce ဒုတိယဥက္ကဋ္ဌ Mr. Tan Back Huat ခေါင်းဆောင်သော စင်ကာပူသမ္မတနိုင်ငံ တရုတ်နွယ်ဖွားစီးပွားရေး လုပ်ငန်းရှင်များနှင့် လည်းကောင်း သက်ဆိုင်ရာ အသင်းရုံးခန်းများ၌ နှစ်ဖက်ကုန်သွယ်မှုနှင့်စပ်လျဉ်းသည့် ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

လက်ဆောင်ပစ္စည်းပေးအပ်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် စင်ကာပူသမ္မတနိုင်ငံ စင်ကာပူမြို့ရှိ မြန်မာနိုင်ငံ သံရုံးတွင် သံအမတ်ကြီးနှင့် ဝန်ထမ်းမိသားစုများအား လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် စင်ကာပူသမ္မတနိုင်ငံ Singapore Indian Chamber of Commerce and Industry ဥက္ကဋ္ဌ Mr. Vijay Iyergar တို့ တွေ့ဆုံဆွေးနွေးပြီး အမှတ်တရ လက်ဆောင် ပေးအပ်ကြစဉ်။

(သတင်းစဉ်)

မြန်မာ့အထည်အလိပ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဦးသိန်းမောင်၊ မန္တလေးတိုင်း ရမည်းသင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဦးခိုင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Tianjin ပြည်နယ်အစိုးရ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ် မစ္စဝမ်ဇင်မင်းတို့ မြန်မာ့အထည်အလိပ်လုပ်ငန်း ချည်မျှင်စက်ရုံ(ပျော်ဘွယ်)ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့

၂၀၀၉ ခုနှစ်၊ မတ်လ (၂၄)ရက်

" WORLD TB DAY "

24-3-2009

တီဘီကင်းစင်ကမ္ဘာတစ်ခွင် လူတိုင်းတာဝန်ပင်

" I AM STOPPING TB "

ကျန်းမာရေးဝန်ကြီးဌာန

ဝန်ကြီး ပိုလ်မှူးချုပ်သိန်းဇော် ကချင်ပြည်နယ် ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်

ရန်ကုန် မတ် ၂၀

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်သည် မတ် ၁၅ ရက်တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ အောင်နန်းရပ်ကွက်၌ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဝန်ကြီးသည် မတ် ၁၆ ရက်တွင် နမ္မတီးမြို့ မိုက္ကရိုဝေ့ဗ်စခန်း၌ CDMA- 450 စနစ် စက်ပစ္စည်းများ တပ်ဆင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး မိုးကောင်းမြို့နယ် လမ်းခွကျေးရွာ၌ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ဒေသခံ တိုင်းရင်းသားပြည်သူများနှင့် တွေ့ဆုံသည်။

ယင်းနောက် ဝန်ကြီးသည် မြစ်ကြီးနား-တနိုင်း မော်တော်ကားလမ်းတစ်လျှောက် လမ်းနှင့် တံတားများ ဖောက်လုပ်ထားရှိမှု၊ နွေစပါးနှင့် ရော်ဘာစိုက်ခင်းများ စိုက်ပျိုးထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးသည် ဖားကန့်မြို့နယ် နောင်းမီကျေးရွာအနီးရှိ ယုဇနဘက်စုံစိုက်ပျိုးရေးစီမံကိန်း ရှင်းလင်းဆောင်၌ ရပ်မိရပ်ဖများ၊ ကျေးရွာနေပြည်သူများနှင့် တွေ့ဆုံပြီး ယုဇနဘက်စုံစိုက်ပျိုးရေးစီမံကိန်း၏ နွေစပါးစိုက်ခင်းနှင့် ပီလောပီနံစိုက်ခင်း၊ ပီလောပီနံပျိုးပင် ထုတ်လုပ်ရေးအလုပ်ရုံနှင့် ကွန်ကရစ်ရေကျော်ပြွန် ထုတ်လုပ်ရေး အလုပ်ရုံတို့ကို ကြည့်ရှုစစ်ဆေးပြီး **(အပေါ်ဝဲပုံ)** ကာမိုင်းမြို့၌ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

Khind အမှတ်တံဆိပ် ကျန်းမာရေး ပန်ကာများ ဈေးကွက်မိတ်ဆက်ပွဲကျင်းပ

ရန်ကုန် မတ် ၂၀

မလေးရှားနိုင်ငံထုတ် အဆင့်မြင့် Electrical & Electronic ပစ္စည်းများကို တင်သွင်းဖြန့်ချိလျက်ရှိသော Monarch Company က Nano နည်းပညာသုံး Khind အမှတ်တံဆိပ် ကျန်းမာရေး အထောက်အကူပြု ပန်ကာအသစ်များ ဈေးကွက်မိတ်ဆက်ပွဲကို မတ် ၁၇ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် အလံပြဘုရားလမ်းရှိ Khind Electro World ၌ ကျင်းပသည်။

Nano ကျန်းမာရေး ပန်ကာတွင် လေစစ်ကိရိယာသုံးဆင့် တပ်ဆင်ထား၍ ထိုလေစစ်များမှ လေထဲတွင် ပါဝင်သော အန္တရာယ်ရှိသည့် ပိုးမွှား၊ ဖုံမှုန့်၊ ဘက်တီးရီးယားများနှင့် မှိုအမျိုးမျိုးတို့ကို ရှင်းလင်းဖယ်ရှားပေးပြီး သန့်ရှင်းစင်ကြယ်သော လေများကို ဖန်တီးပေးသည်။ အဆိုပါလေသည် ပြောင်းလဲလွယ်သော အော်ဂဲနစ်ဓာတ်ငွေ့ (VOC)ကို ဖယ်ရှားရာတွင်လည်းကောင်း၊ အနံ့ဆိုးများကို စုပ်ယူသွားရာတွင်လည်းကောင်း ကောင်းစွာ ဆောင်ရွက်နိုင်စွမ်းရှိကြောင်း။

Nano Hygiene ပန်ကာများကို အရွယ်အစားလေးမျိုးတင်သွင်းရာ 16 လက်မ Stand Fan၊ 16 လက်မ Wall Fan ၊ ၁၆ လက်မ Table Fan၊ 12 လက်မ Table Fan များဖြစ်ကြောင်း။

Nano ကျန်းမာရေးပန်ကာများသည် မိသားစုများအတွက် အသုံးပြုသင့်သော ကျန်းမာရေးအထောက်အကူပြု ပန်ကာများဖြစ်ကြောင်း သိရှိရသည်။**(ယာပုံ)**

Khind အမှတ်တံဆိပ် Nano ကျန်းမာရေး ပန်ကာများအပြင် နည်းပညာဆန်းသစ်ပြီး ပုံစံဒီဇိုင်းများမျိုးစုံဖြင့် ပန်ကာအမျိုးပေါင်း ၄၃ မျိုး၊ နွေရာသီ လိုအပ်ချက်ဖြစ်သော Air Cooler၊ Air Con ၊ Kitchen Appliances (၉၉) မျိုးတို့ကိုလည်း သက်သာသော ဈေးနှုန်းများဖြင့် ရွေးချယ်ဝယ်ယူနိုင်ကြောင်း သိရှိရသည်။

ယခုအခါ မလေးရှားနိုင်ငံထုတ် Maco အမှတ်တံဆိပ် ရေခဲသေတ္တာ၊ Deep Freezer များကို မိတ်ဆက်အထူးဈေးနှုန်းဖြင့် Khind Electro World Showroom များ၌ Macoအမှတ်တံဆိပ် ရေခဲသေတ္တာ Single door လီတာ ၁၈၀ ကို ငွေကျပ် ၁၈၀၀၀၀ ၊ Deep Freezer သုံးပေ လီတာ ၂၃၀ကို ငွေကျပ် ၂၃၀၀၀၀၊ နှစ်ပေ ၁၁၀လီတာ ကို ငွေကျပ် ၁၇၅၀၀၀၊ Semi Auto Washing Mashing ကို ငွေကျပ် ၁၁၈၈၀၀ ဖြင့်လည်းကောင်း ရောင်းချသွားမည်ဟု သိရှိရသည်။

MonarchCo.,Ltd မှတင်သွင်းသည့် Khind, Mistral, Macoနှင့် Maselisno အမှတ်တံဆိပ်များကို လက်လီလက်ကား ဝယ်ယူလိုပါက Khind Electro World အမှတ်(၃၉) အလံပြဘုရားလမ်း ယူနိုက်တက်ကွန်ဒို(လပြည့်ဝန်းပလာဇာအနီး) ဒဂုံမြို့နယ် ရန်ကုန်မြို့ ဖုန်း ၂၄၂၃၀၇၊ ၃၈၀၄၇၅ တို့၌ ဆက်သွယ်ဝယ်ယူရရှိနိုင်ကြောင်း၊ထို့ပြင် စူပါမားကက်ကြီးများ၊ လျှပ်စစ်ပစ္စည်း အရောင်းဆိုင်ကြီးများ၌လည်း ရွေးချယ်ဝယ်ယူရရှိနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တီဘီကင်းဝေး ကျန်းမာရေး

- ကျန်းမာခြင်းသည် မြတ်သောလာဘ်
  တန်ဖိုးမဖြတ်နိုင် ဂုဏ်ဒြပ်၊
- လူတိုင်းသက်တမ်းစေ့ နေထိုင်၍
  ရောဂါကင်းစေ သက်ရှည်ပေ့
  ရည်မှန်းချက်မွေ့ ဆောင်ရွက်လေ့၊
- အဓိကရောဂါ ခြောက်မျိုးမှာ
  တီဘီရောဂါ ထိပ်ဆုံးပါ
  စနစ်အတိုင်းသာ ဆေးကုသ
  ရောဂါပျောက်ဖို့ စိတ်သာချ၊
- အိတ်ချ်အိုင်ဗွီပိုးရှိနေစဉ်
  တီဘီပိုးက ထပ်ဆင့်ဝင်
  ဉာဏ်ယှဉ်ကုသခဲ့ပါက
  တီဘီရောဂါ ပျောက်ကင်းပ၊
- တီဘီရောဂါ တိုက်ဖျက်ရာ
  ကုထုံးသစ်များ ပေါ်ပေါက်လာ
  ဝေဒနာရှင်များ ကျန်းမာရေး
  ကြီးကြပ် ကြပ်မတ် စဉ်မနွေး
  အားလုံးအရေး မြော်မြင်တွေး
  နိုးကြားတက်ကြွ ဆောင်ရွက်ပေး။ ။

ဒေါက်တာသန်းဦး

ခရိုင်ချင်းဆက်လမ်း အမှတ်(၁) အောင်လံမြို့နယ်အပိုင်း ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအား မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင် ကွင်းဆင်းစစ်ဆေးရာ အောင်လံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသက်အောင် ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ဂဝံခင်းခြင်းလုပ်ငန်းဆောင်ရွက်

ကလေးဝ မတ် ၁၀

ကလေးဝမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် ကျေးလက်လမ်း(ပြုပြင်မွမ်းမံ) လုပ်ငန်းဖြစ်သော ပန်းချီစု-လယ်ကြီးတောလမ်း ဂဝံကျောက်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ဇန်နဝါရီ ၄ ရက်က အမှုဆောင်အရာရှိ ဦးဇော်ခင် ကွင်းဆင်းစစ်ဆေးရာ ဦးအောင်အောင် အငယ်တန်းအင်ဂျင်နီယာ(၃)က ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၁-၃-၂၀၀၉ (စနေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀ ၁၀။ အမျိုးသားရေး တေးကဗျာ
၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၂။ ပြီးပါပြီ။

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ မြဝတီအဖွင့်
၁၁း၀၅ ၂။ အဖွင့်သီချင်း
၁၁း၁၀ ၃။ မျိုးချစ်တပ်မတော်
၁၁း၂၅ ၄။ **ကာတွန်းအစီအစဉ် - ဂြိုဟ်ကမ္ဘာမှသတ္တဝါများ (အပိုင်း-၇)**
၁၂း၀၀ ၅။ **မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင် -ချောကလက်ဝိုင် (လူမင်း၊အိန္ဒြာကျော်ဇင်)**
၁း၅၅ ၆။ သာယာသီကြွေး ခေတ်ဆန်းတေး
၂း၀၀ ၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မောင်နဲ့သာဆိုရင် (အပိုင်း-၃၀)**
၂း၅၅ ၈။ အပိတ်နှုတ်ဆက်စကား
၃း၀၀ ၉။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ချစ်သူစုံတွဲတူယှဉ်နွဲ
၄း၁၅ ၄။ မြန်မာသံစဉ်ချိုနားဝင်
၄း၂၅ ၅။ မျိုးချစ်တပ်မတော်
၄း၃၅ ၆။ ဖွားချစ်က တားမြစ်ထားသည်
၅း၀၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၄၀ ၈။ ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
၆း၁၀ ၁၀။ နိုင်ငံတကာသတင်း
၆း၂၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၆း၄၀ ၁၂။ ထူးခြားဆန်းပြား ကမ္ဘာတစ်လွှား
၇း၀၀ ၁၃။ **(၆၄)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြု ဇာတ်လမ်း -သားကောင်းမိခင် (ဇာတ်သိမ်း) နေတိုး၊ ထွန်းထွန်း၊ စိုင်းစိုင်းခမ်းလှိုင်၊ စိုးမြတ်သူဇာ၊ ပန်းဖြူ (ဒါရိုက်တာပန်းချီစိုးမိုး)**
၈း၀၀ ၁၄။ မြဝတီရုပ်မြင်သံကြား သတင်း
၁၅။ မိုးလေဝသသတင်း
၁၆။ အမျိုးသားရေးတေးကဗျာ
၁၇။ **(၆၄)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအငြိမ့်**
၁၈။ အင်္ဂလိပ်စာသုတ (English Usage)
၁၉။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၀။ **ရသစုံလင်ရုပ်မြင် ဇာတ်လမ်း -ကိတ်မုန့်ချစ်သူ (အပိုင်း-၇)**
၂၁။ သင့်အတွက်မနက်ဖြန်
၂၂။ အပိတ်နှုတ်ဆက်စကား
၂၃။ ပြီးပါပြီ။

ရှင်းလင်းတင်ပြ

ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးအေးမြင့်နှင့်အဖွဲ့ လှည်းကူးမြို့ ညောင်တခြမ်းကျေးရွာ အဝင်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှုကို မတ် ၆ ရက်က ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမျိုးကျော်လတ်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဘသိန်းတို့ ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် ရွှေပြားများ ပူဇော်လှူဒါန်းနိုင်ရန် အသိပေးနှိုးဆော်ခြင်း

ရဟန်းရှင်လူပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ဉာဏ်တော် ၃၂၅ ပေရှိ "ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး" အား နေပြည်တော်၌ တည်ထားပူဇော်လျက်ရှိပါသည်။

လှူဒါန်းနိုင်

စေတီတော်မြတ်ကြီးအတွက် ရွှေပြားများအား အောက်ပါအတိုင်း ပါဝင်လှူဒါန်းနိုင်ပါသည်-

(၁) ငှက်ပျောဖူးတော်တွင် ကပ်လှူရန်ရွှေပြား (၁ပေ× ၁ပေ)	၂၉၆၄ ချပ် ၁ ချပ်	ကျပ် ၁၆၂၀၀၀၀ နှုန်း
(၂) ကြာနှင့်ရွဲများတွင် ကပ်လှူရန် ရွှေပါးလွှာ (၁ပေ× ၁ပေ)	၄၂၀၈ ချပ် ၁ ချပ်	ကျပ် ၅၈၀၀၀၀ နှုန်း

ဆက်သွယ်နိုင်

ရွှေပြားနှင့် ရွှေပါးလွှာများ လှူဒါန်းလိုသူများသည် ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ အတွင်းရေးမှူး ဖုန်း - ၀၆၇-၄၁၄၂၀၅၊ ၄၁၄၂၀၂၊ ၄၁၄၂၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အသိပေး နှိုးဆော်အပ်ပါသည်။

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

ပဲခူးမြို့ အ-ထ-က(၃) မြတ်ဆရာပူဇော်မည်

ရန်ကုန် မတ် ၂၀

ပဲခူးမြို့ အ-ထ-က(၃) (ယခင်အမျိုးသားတန်းမြင့်ကျောင်း)၌ နှစ်ပေါင်း ၃၀ ကျော် တာဝန်ထမ်းဆောင်ခဲ့ပြီး အငြိမ်းစားယူသွားခဲ့ကြသော ဆရာကြီး၊ ဆရာမကြီးများနှင့် ဂုဏ်ထူးဆောင် အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများအား တပည့်ကျောင်းသားဟောင်းများက ဒုတိယအကြိမ်မြောက် မြတ်ဆရာပူဇော် ပွဲကို မတ် ၂၉ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကန်တော်ကြီးဥယျာဉ်အတွင်းရှိ Western Park Royal Restaurant၌ ကျင်းပမည်ဖြစ်၍ ပူဇော်ပွဲသို့ ရန်ကုန်မြို့နေ ကျောင်းသားဟောင်းများအားလုံး တက်ရောက်ကြရန်နှင့် ဦးကိုကိုအောင် ဖုန်း-၀၉-၅၀-၇၁၀၇၁၊ ဒေါက်တာဝင်းမောင်ဖုန်း-၀၉-၈၀-၃၂၇၆၀၊ ဦးယဉ်ထွေးသက် ဖုန်း-၀၉-၅၀-၁၂၉၄၄၊ ဦးခင်ကြည် ဖုန်း-၀၉-၅၀-၂၀၈၂၀၊ ဦးသန်းလွင် ဖုန်း-၀၉-၅၁-၀၁၀၃၄၊ ဦးဖိုးကျား ဖုန်း-၀၉-၅၀-၁၀၃၁၂၊ ဦးသိန်းလွင်ဦး ဖုန်း-၀၉-၉၉-၇၁၄၇၇၊ ဒေါက်တာဒေါ်လှကြင် ဖုန်း-၀၉-၉၉-၂၆၉၀၈၊ ဒေါက်တာ မီမီထွန်း ဖုန်း-၀၉-၅၀-၀၀၇၉၄၊ ဒေါ်ဝါဝါစိုး ဖုန်း-၀၉-၅၀-၀၆၅၆၁၊ ဒေါ်သန်းအေး ဖုန်း-၀၁-၅၃၈၅၈၈၊ ဒေါ်မူမူထွန်း ဖုန်း-၀၁-၅၀၅၉၉၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ (ကြေးမုံ)

ဆင်သေရေလှောင်တမံမှ စိုက်ပျိုးရေများ နွေစပါးစိုက်ပျိုးရန် ဤသို့မြောင်းလက်တံများဖြင့် ရေချပေးနေသည်ကို တွေ့ရသည်။

❁ ဆည်တမံများမှ

"ကျွန်တော်တို့ နေပြည်တော်တပ်ကုန်းမြို့နယ်မှာ ဒီ ၂၀၀၈-၂၀၀၉ စိုက်ပျိုးရေရာသီမှာ နွေစပါး ၁၁၉၇၅ ဧက စိုက်ပျိုးသွားဖို့ လျာထားပါတယ်။ ခုထိတော့ ၈၃၂၈ ဧကစိုက်ပျိုးပြီးပါပြီ။ ကျန်တဲ့လယ်တွေလည်း ဆက်စိုက်နေကြပါတယ်။ ဒီနွေစပါး ပျိုးစိုက်တဲ့ လယ်တွေအတွက် လိုအပ်တဲ့ စိုက်ပျိုးရေကိုတော့ ဆင်သေရေလှောင်တမံ၊ ကင်းသာဆည်၊ မုန်ဆည်နဲ့ ချောင်းပိတ်၊ မြောင်းပိတ်ဆည်ငယ်တွေကရတဲ့ရေနဲ့ စိုက်ပျိုးနေပါတယ်။ ဆင်သေဆည်ကတော့ ဒီဒေသအတွက် စိုက်ပျိုးရေ အများဆုံးဖြန့်ဝေပေးနိုင်တဲ့ ဆည်ကြီးတစ်ခုပါ။ နိုင်ငံတော်က ဒီလိုဆည်တွေ တည်ဆောက်ပေးနိုင်ခဲ့တာကြောင့် ဒေသမှာရှိတဲ့ တောင်သူတွေဟာ စိုက်ပျိုးရေးကို ယခင်ကထက်ပိုပြီး လုပ်ကိုင်လာနိုင်တာ တွေ့ရပါတယ်" ဟု ဦးကြင်မောင်က ရှင်းပြသည်။

ကျွန်တော်တို့ သတင်းအဖွဲ့သည် နွေစပါး စိုက်ပျိုးနေသည့် ဥဿျစ်ကုန်းကျေးရွာအုပ်စုရှိ နွေစပါးစိုက်ခင်းများသို့လည်း သွားရောက်လေ့လာခဲ့သည်။ လမ်းတစ်လျှောက် စိမ်းစိုနေသော လယ်ကွင်းများ၊ လယ်စိုက်နေသော ကောက်စိုက်သမများနှင့် လယ်စိုက်ရန် ရေသွင်း ထယ်ရေးပြင်ထားသောလယ်များကို တွေ့ရလေသည်။

ဥဿျစ်ကုန်းကျေးရွာမှ နွေစပါးစိုက်တောင်သူ ဦးစံရွှေမြင့်အား နွေစပါးစိုက်ပျိုးမှုနှင့် စပ်လျဉ်း၍ မေးမြန်းခဲ့ရာ "ကျွန်တော်တို့ ကျေးရွာအုပ်စုမှာ နွေစပါးစိုက်တဲ့တောင်သူများပါတယ်။ ဆင်သေရေလှောင်တမံက ဆည်ရေနဲ့စိုက်နေကြပါတယ်။ မိုးစပါးလည်းစိုက်ပါတယ်။ မိုးစပါးအပြီးမှာ ဖရဲနဲ့ ပဲတီစိမ်းစိုက်ပါတယ်။ အခု ဖရဲသီးအကုန်မှာ နွေစပါးစိုက်ပါတယ်။ စုစုပေါင်း ၁၆ ဧကလောက်စိုက်ပါတယ်။ စိုက်ပျိုးတဲ့ မိုးစပါးတွေကတော့ ရွှေသွယ်ရင်မျိုးမှာ အများဆုံးဖြစ်ပါတယ်"ဟုပြောပြသည်။

ထိုမှဆက်လက်၍ ကျွန်တော်တို့ သတင်းအဖွဲ့သည် ဟင်းသီးဟင်းရွက် အများဆုံးစိုက်ပျိုးသည့် နွယ်ရစ်နှင့်သူဌေးကုန်းကျေးရွာ၏ ဟင်းသီးဟင်းရွက်စိုက်ခင်းများသို့လည်း သွားရောက်လေ့လာခဲ့သည်။ ယင်းကျေးရွာနှစ်ရွာအကြား ဆင်သေရေလှောင်တမံမှ စီးရေများ တသွင်သွင်စီးဆင်းနေသဖြင့် ၁၂ရာသီ ဟင်းသီးဟင်းရွက်များ စိုက်ပျိုးထုတ်လုပ်ပေးလျက်ရှိသည်။ ရန်ကုန်-မန္တလေးကားလမ်းမကြီးဘေးရှိ သူဌေးကုန်းကျေးရွာကားဂိတ်တွင် ပန်းမုန်လာလှည်းများ ကားတင်ရန် အများအပြားစောင့်ဆိုင်းလျက်ရှိသည်ကို တွေ့ရဆဲဖြစ်သည်။ ယခုအခါ ယင်းရွာများမှ ဂေါ်ဖီထုပ်၊ ကြက်သွန်နီ၊ အာလူး၊ မုန်ညင်းစိမ်းတို့ အများအပြား ထွက်ရှိသည်။

ယခုနှစ် ၂၀၀၈-၂၀၀၉ စိုက်ပျိုးရာသီတွင် နေပြည်တော်တပ်ကုန်းမြို့နယ်၌ စပါးအပါအဝင် ပဲမျိုးစုံ ၃၄၇၇၅ ဧက၊ ဆီထွက်သီးနှံ ၂၄၄၃၅ ဧက၊ အစေ့ထုတ်ပြောင်း ၃၂၂၁ ဧက၊ ဟင်းသီးဟင်းရွက် ၁၉၅၇ ဧက၊ ယင်းဟင်းသီးဟင်းရွက်စိုက်ဧကတွင် ဂေါ်ဖီထုပ် ၂၉၇ ဧက၊ ပန်းမုန်လာ ၂၉၃ ဧက၊ အာလူး ဧက ၄၁၀၊ ကြက်သွန်နီ ၃၂၃ ဧက၊ ဖရဲ ၁၃၉ ဧက၊ ငရုတ် ၆၅၀၃ ဧက စိုက်ပျိုးထုတ်လုပ်နိုင်ခဲ့ကြောင်း သိရသည်။

ထို့အပြင် ဆောင်းသီးနှံအဖြစ် ပဲမျိုးစုံဖြစ်သည့် ပဲတီစိမ်း၊ မတ်ပဲ၊ ကုလားပဲ၊ ပဲပိစပ်တို့လည်း စိုက်ပျိုးကြောင်း၊ ဆီထွက်သီးနှံဖြစ်သည့် နေကြာ၊ မြေပဲနှင့် နှမ်းတို့ကိုလည်း စိုက်ပျိုးထားကြောင်း သိရသည်။

သို့ဖြစ်ပါ၍ နေပြည်တော်တပ်ကုန်းမြို့နယ်သည် နိုင်ငံတော်က ဆည်တမံများ တည်ဆောက်ပေးနိုင်ခဲ့မှုကြောင့် ဒေသခံတောင်သူလယ်သမားများသည် စိုက်ပျိုးရေးအသီးအပွင့်များ ခံစားနေရပြီ ဖြစ်ပါကြောင်း ကွင်းဆင်း ရေးသားလိုက်ရပါသည်။

တောင်ပိုင်းဒေသများ ကွက်ကျားမိုး ဆက်လက်ထစ်ချုန်းရွာနိုင်

ရန်ကုန် မတ် ၂၀

ယနေ့နံနက် ၉နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော၂၄နာရီအတွင်းက ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ မန္တလေးတိုင်း၊ မကွေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ **နေ့အပူချိန်များမှာ** ကချင်ပြည်နယ်၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်ထိ ပိုခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ **ထူးခြားသည့်နေ့အပူချိန်မှာ** သာယာဝတီမြို့တွင် ၄၀ဒီဂရီစင်တီဂရိတ်ဖြစ်သည်။ **မှတ်သားဖွယ်ရာ မိုးရေ ချိန်များမှာ** ညောင်ဦးမြို့တွင် သုည ဒသမ ၉၁ လက်မနှင့် မြိတ်မြို့တွင် သုည ဒသမ ၄၇ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ ။ ။ ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

မတ် ၂၁ရက် ညနေထိ ခန့်မှန်းချက် ။ ။ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် ။ ။ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက် ။ ။ မြန်မာနိုင်ငံ တောင်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။
ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။
မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မတ်လစတုတ္ထရက်သတ္တပတ်ကုန်ရက်များအတွက် မိုးလေဝသခန့်မှန်းချက် ။ ။ လာမည့်သီတင်းပတ်ကုန်ရက်များအတွင်း ရန်ကုန်တိုင်းတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိပြီး နေပြည်တော်နှင့် မန္တလေးတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

✻ ကျောဖုံးမှ

ခေါ်ယူမှုအဖြစ် ဘဏ္ဍာ/အခွန် အသင်းမှ နာမည်ကြီးကစားသမားများ အပါအဝင် လူငယ်ကစားသမားများကိုပါ ခေါ်ယူရန် ကမ်းလှမ်းမှုများ ပြုလုပ်ထားသည်။

စစ်ကိုင်းတိုင်း ကိုယ်စားပြု ဇေယျာရွှေမြေ F.C မှာ ကစားသမား ၁၄ ဦးကို ခေါ်ယူထားပြီးဖြစ်ပြီး ယခုကစားသမားလေးဦးကို ထပ်မံစာချုပ်ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။ ဇေယျာရွှေမြေ F.C မှာ စီးပွားကူးသန်းမှ မင်းသူကို ပြောင်းရွှေ့ကြေး ငွေကျပ် သိန်း၅၀၊ လစာငွေကျပ် ၁၀သိန်း၊ ကျော်ဇင်ဝင်းကို ပြောင်းရွှေ့ကြေး ငွေကျပ် သိန်း ၂၀၊ လစာငွေကျပ် ငါးသိန်း၊ ဆောက်လုပ်ရေးအသင်းမှ စည်သူသန်းကို ပြောင်းရွှေ့ကြေး ငွေကျပ်သိန်း ၃၀၊ လစာငွေကျပ်ခြောက်သိန်း၊ ပို့ဆောင်ရေးမှ အောင်မြင့်ထွန်းကို ပြောင်းရွှေ့ကြေး ငွေကျပ် ၁၅ သိန်း၊ လစာငွေကျပ် လေးသိန်းတို့ဖြင့် စာချုပ်များ ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။ ဇေယျာရွှေမြေ F.C မှာ နောက်ထပ် ကစားသမား ငါးဦး ခေါ်ယူသွားမည်ဖြစ်ပြီး လူငယ်ကစားသမားများကို ဦးစားပေးခေါ်ယူသွားမည်ဟု သိရသည်။ ဇေယျာရွှေမြေ F.C မှာ ကစားသမား ၁၈ ဦး ခေါ်ယူစာချုပ်ပြီးသွားပြီဖြစ်ပြီးယင်း ၁၈ ဦးအတွက် ပြောင်းရွှေ့ငွေကျပ် ၄၈၅သိန်း အသုံးပြုထားသည်။

လစာငွေကျပ် ၁၀ သိန်းဖြင့် ကစားရန် ဇေယျာရွှေမြေ F.C နှင့် လက်မှတ်ရေးထိုးနေသည့် မင်းသူ။

❖ အာရှသားမှ

ရက်သတ္တကိုးပတ်ကြာမျှ ဂျင်ဆင်းအားတိုးဆေးကို နေ့စဉ်တိုက်ကျွေးပြီးနောက် အမောလုံမှု အခြေအနေကို ထပ်မံ လေ့လာခဲ့သည်။

ယင်းသို့ လေ့လာရာတွင် အားကစားသမားများ၏သွေးခုန်နှုန်းသည် တစ်မိနစ်လျှင် အကြိမ် ၁၄၀ခန့်အထိသာ ရှိတော့သည်ကိုတွေ့ရပြီး နှလုံးခုန်နှုန်းမှာ သုံးမိနစ်မျှသာ ကြာမြင့်ချိန်အတွင်း တစ်မိနစ်လျှင် အကြိမ် ၁၀၀အောက်သို့ ရောက်ရှိကြောင်း၊ ငါးမိနစ်အတွင်း ပုံမှန်နှလုံးခုန်သည့် အခြေအနေကို ပြန်လည်တွေ့မြင်ရကြောင်း လေ့လာချက်၌ ဖော်ပြသည်။

သုတေသီ ကာဒေါ်ဖာသည် ကြာရှည်စွာ ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်း ပြုလုပ်မှုကြောင့် ကြွက်သားများ နာကျင်မှု အခြေအနေကိုလည်း ပူးတွဲလေ့လာခဲ့သည်။ အားကစားသမားများသည် ရက်သတ္တ ကိုးပတ်ကြာမျှ ဂျင်ဆင်း အားတိုးဆေးကို စားသုံးခဲ့ကြပြီးနောက် ခံနိုင်ရည်အား ပိုမိုရှိလာကြောင်း၊ အားကစားသမားများ၏ အောက်ဆီဂျင် ရရှိနိုင်စွမ်း အလွန်တိုးတက်ကောင်းမွန်လာကာ ကြွက်သားများ၏ သွေးရရှိမှုမှာလည်း ကောင်းမွန်လာကြောင်း လေ့လာချက်တွင် ဖော်ပြသည်။

အင်တာနက်။

အင်အားအလွန်ပြင်းထန်သော မြေငလျင်တစ်ခုလှုပ်ရှား

နေပြည်တော် မတ် ၂၀

ယနေ့ မြန်မာစံတော်ချိန် ၀၁ နာရီ ၀၀ မိနစ် ၄၇ စက္ကန့် အချိန်တွင် ကမ္ဘာအေး မြေငလျင်စခန်းမှ အရှေ့တောင်ဘက် မိုင် ၆၇၀၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံပြင်ပ တောင်ပစိဖိတ်သမုဒ္ဒရာပင်လယ်ပြင်တစ်နေရာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး (၇ ဒသမ ၉)အဆင့်ရှိ အင်အားအလွန်ပြင်းထန်သော မြေငလျင်တစ်ခု လှုပ်ရှားသွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

စက်မှုလက်မှုအထက်တန်းကျောင်း အမှတ်(၂) ရန်ကုန်(ဘောင်ဒရီ)T.H.S-2 မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် မတ် ၂၀

စက်မှုလက်မှုအထက်တန်းကျောင်း အမှတ်(၂) ရန်ကုန်(ဘောင်ဒရီ) T.H.S-2 ၌ ပညာသင်ယူခဲ့ကြသော တပည့်များက ဆရာ/ဆရာမများအား ဂါရဝပြုပူဇော်နိုင်ရန်နှင့် ကျောင်းသားဟောင်းများ ပြန်လည်တွေ့ဆုံပွဲကို မတ် ၂၂ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် ဒဂုံမြို့နယ်၊ မြို့မကျောင်းလမ်းရှိ ဒက္ခိဏာရုံပရိယတ္တိစာသင်တိုက်၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသားဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန် နှိုးဆော်ထားကြောင်းသိရသည်။

(ကြေးမုံ)

အားကစားသမားများအား အမောလုံ သက်လုံကောင်းစေနိုင်သော အာနိသင်များ ပါရှိသည့် ဂျင်ဆင်းဆေးမြစ်အား တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အင် တာ နက် ကျွန်း မာ ရေး သ တင်း

အာရှသားတို့၏ တိုင်းရင်းဆေးဝါးဂျင်ဆင်း အားကစားသမားများအတွက် သက်လုံကောင်းစေ

ဘာသာပြန်-ရောမောင်

ဂျီနီဗာ မတ် ၂၀

အာရှနိုင်ငံများတွင် ရိုးရာတိုင်းရင်းဆေးဝါးတစ်မျိုးအဖြစ် တွင်ကျယ်စွာ အသုံးပြုခဲ့ရသော ဂျင်ဆင်းဆေးမြစ်သည် အားကစားသမားများအတွက် အမောလုံပြီး သက်လုံကောင်းစေရန် အထောက်အကူပြုဖွယ်ရှိကြောင်း ဆွစ်ဇာလန်နိုင်ငံတွင် မကြာသေးမီက ပြုလုပ်သည့် လေ့လာချက်တစ်ရပ်၌ ဖော်ပြသည်။

ပြင်းပြင်းထန်ထန် အားကစားပြုလုပ်မှုကြောင့် ရင်တုန်မောပန်းမှု မဖြစ်ပေါ်စေရန် ဂျင်ဆင်းဆေးမြစ်၏ အာနိသင်များက အကျိုးကျေးဇူးပြုနိုင်ကြောင်း ဆွစ်ဇာလန်နိုင်ငံမှ အားကစားဆိုင်ရာ ဆေးပညာရှင် ဒေါက်တာအင်တန်ကာဒေါ်ဖာ၏ လေ့လာချက်၌ ရေးသားထားသည်။

သုတေသီကာဒေါ်ဖာသည် အားကစားသမားများအား စက်ဘီးစီးစက်၌ ရှစ်မိနစ်ကြာမျှ ပြင်းပြင်းထန်ထန် နင်းစေပြီးနောက် ၎င်းတို့၏ နှလုံးခုန်မှုအခြေအနေကို သိပ္ပံနည်းကျလေ့လာခဲ့သည်။ အားကစားသမားများ၏ ပျမ်းမျှနှလုံးခုန်နှုန်းမှာ တစ်မိနစ်လျှင် အကြိမ် ၈၀ခန့်မှ ၁၅၅ ကြိမ်အထိ မြင့်တက်လာခဲ့သည်ကို တွေ့ရသည်။ ယင်းနောက်တွင် မိနစ် ၂၀ခန့်မျှ အနားယူပြီးမှ ပုံမှန်နှလုံးခုန်သည့်အခြေအနေသို့ ရောက်ရှိလာသည်။

သုတေသီကာဒေါ်ဖာသည် အဆိုပါ အားကစားသမားများအား **စာမျက်နှာ ၁၁ ကော်လံ ၃ သို့** ❖

ဆည်တမံများကျေးဇူးကြောင့် စိုက်ပျိုးရေးတိုးတက်အောင်မြင် နေပြည်တော်တပ်ကုန်းမြို့နယ်၌ နှမ်းစပါးပိုမိုစိုက်ပျိုးလာ

သတင်းမြင်ကွင်း
မြင့်မောင်စိုး
ဓာတ်ပုံမှတ်တမ်း
မောင်မောင်သန့်

နေပြည်တော် မတ် ၂၀

နိုင်ငံတော်အစိုးရက နိုင်ငံတစ်ဝန်းလုံး ဖြန့်ကြက်လျက် ဆည်မြောင်းတာတမံများ တည်ဆောက်ပေးနိုင်ခဲ့မှုကြောင့် ယခုအခါ ပြည်နယ်နှင့် တိုင်းဒေသအသီးသီးတွင် မိုးစပါး၊ ဆီထွက်သီးနှံ၊ ဝါနှင့် ပဲအမျိုးမျိုးအပြင် နွေစပါးပါ တိုးချဲ့စိုက်ပျိုးလာနိုင်ပြီဖြစ်သည်။

ယခုအချိန်အခါသည် နိုင်ငံတစ်ဝန်းလုံးတွင် တည်ဆောက်ပြီးစီးခဲ့သော ဆည်တမံများမှ စိုက်ပျိုးရေကို အခြေခံ လျက် နွေစပါးများ စိုက်ပျိုးနေချိန်ဖြစ်သည်။ ဒေသခံတောင်သူများအနေဖြင့်လည်း စိုက်ပျိုးရေရရှိမှုပေါ်တွင် အခြေခံလျက် နွေစပါးကို တစ်နှစ်ထက်တစ်နှစ် တိုးချဲ့စိုက်ပျိုးလာကြသည်။

ကျွန်တော်တို့ သတင်းအဖွဲ့သည် ဆည်တမံများကျေးဇူးကြောင့် သီးနှံဖြစ်ထွန်းအောင်မြင်နေပြီး နွေစပါးစကေ သောင်းချီစိုက်ပျိုးနေသည့် နေပြည်တော်တပ်ကုန်းမြို့နယ်သို့ သွားရောက်ကွင်းဆင်းလေ့လာခဲ့ရာ စိုက်ပျိုးရေးမန်နေဂျာ ဦးကြင်မောင်နှင့် တွေ့ဆုံမေးမြန်းခွင့်ရခဲ့ပါသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ❁

နေပြည်တော် တပ်ကုန်းမြို့နယ် ဥသျှစ်ကုန်းကျေးရွာအနီး စိုက်ပျိုးထားသော နွေစပါးခင်းများကို ဤသို့ တွေ့ရသည်။

ဇေယျာရွှေမြေ F.C နှင့် ရတနာပုံ F.C တို့မှ ကစားသမားငါးဦး အပြောင်းအရွှေ့စာချုပ် လက်မှတ်ရေးထိုး

သတင်းနှင့်ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)

ရန်ကုန် မတ် ၂၀

မြန်မာနေရှင်နယ်လိဂ်ကစားသမားများ၏ အပြောင်းအရွှေ့စာချုပ်လက်မှတ်ရေးထိုးပွဲကို ယနေ့နံနက် ၁၀နာရီမှစ၍ ဆက်လက်ကျင်းပရာ မန္တလေးတိုင်းကိုယ်စားပြု ရတနာပုံ F.C၊ စစ်ကိုင်းတိုင်းကိုယ်စားပြု ဇေယျာရွှေမြေ F.C တို့မှ ကစားသမားများအား စာချုပ်များ ချုပ်ဆိုခဲ့ကြသည်။

ရတနာပုံ F.C မှ ကစားသမားတစ်ဦး၊ ဇေယျာရွှေမြေ F.C မှ ကစားသမားလေးဦး လာရောက်ချုပ်ဆိုကြခြင်းဖြစ်ပြီး ယင်းကစားသမားငါးဦးအတွက် ပြောင်းရွှေ့ကြေးကျပ်သိန်း ၁၃၀ရှိကြောင်း သိရသည်။ အဆိုပါကစားသမားများ၏အပြောင်းအရွှေ့စာချုပ် လက်မှတ်ရေးထိုးပွဲ တတိယနေ့တွင် တာဝန်ရှိသူများအဖြစ် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးတင်အောင်၊ Myanmar National League တာဝန်ခံဦးတင်အောင်(ဂိုး)တို့က လက်မှတ်များ ရေးထိုးပေးခဲ့ကြပြီး အသိသက်သေအဖြစ် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဘဏ္ဍာရေးမှူး ဦးသန်းဇော်က ဆောင်ရွက်ပေးသည်။

မန္တလေးတိုင်းကိုယ်စားပြု ရတနာပုံ F.C မှာ မြို့တော်စည်ပင်အသင်းမှ မြန်မာ့လက်ရွေးစင်ဟောင်း ဂိုးသမား ယဉ်မင်းအောင်ကို ပြောင်းရွှေ့ကြေး ကျပ် ၁၅သိန်း၊ လစာငွေကျပ် ငါးသိန်းဖြင့် စာချုပ်ချုပ်ဆိုခဲ့ခြင်း ဖြစ်သည်။

ရတနာပုံ F.C မှာ နည်းစနစ်ဒါရိုက်တာအဖြစ် Mr. Robert (ဘယ်လ်ဂျီယံ)၊ နည်းပြချုပ်အဖြစ် Mr. Rohan (ပြင်သစ်)တို့ကို ခန့်အပ်ထားပြီး ပြည်ပကစားသမားခေါ်ယူမှုအဖြစ် အိုင်ဗရီကို့စ်နိုင်ငံသား သုံးဦး၊ ဆီနီဂေါနိုင်ငံသား နှစ်ဦးတို့ကို ကမ်းလှမ်းထားကြောင်း သိရသည်။ ပြည်တွင်းကစားသမား

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ✻

ဇေယျာရွှေမြေ F.C တွင်ကစားမည့် စည်သူသန်း လက်မှတ်ရေးထိုးစဉ်။

ပြည်တွင်းသတင်းအညွှန်း

❑ တရုတ်ပြည်သူ့ လွတ်မြောက်ရေး တပ်မတော် စစ်ဦးစီးချုပ် ပြန်လည်ထွက်ခွာ...
စာမျက်နှာ(၃)

❑ နိုင်ငံတော်ဝန်ကြီးချုပ် စင်ကာပူမြို့သို့ သွားရောက်ကြည့်ရှုလေ့လာ...
စာမျက်နှာ(၃၊ ၇)

❑ မျက်စိဝေဒနာရှင်များအား အခမဲ့စမ်းသပ်ခွဲစိတ်ကုသပေးမှုအောင်ပွဲ မုံရွာခရိုင်ပုလဲမြို့နယ်တွင်ကျင်းပ...
စာမျက်နှာ(၄)

❑ နိုင်ငံတော်ဝန်ကြီးချုပ်အား စင်ကာပူနိုင်ငံဆိုင်ရာ မြန်မာသံရုံးမိသားစုများ ဂါရဝပြု...
စာမျက်နှာ(၉)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

✻ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
✻ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး